# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက် | ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ် (၁၃၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**ယနေ့ ဖတ်စရာ**


**တစ်ကျော့ပြန် ကုန်သွယ်ရေးစစ်ပွဲလေလား** — ဆောင်းပါး — စာ ၆

**ကိုရီးယားသမ္မတနိုင်ငံသို့ EPS စနစ်ဖြင့် မြန်မာလုပ်သား ၁၄၇ ဦး စေလွှတ်** — ပြည်တွင်းသတင်း — စာ ၈

**ဂျပန်နိုင်ငံ တက္ကသိုလ်မှ ပါမောက္ခနှစ်ဦးက ရန်ကုန်မြို့၌ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ MJC Academic Seminar (Series -1) ဟောပြောမည်** — ပြည်တွင်းသတင်း — စာ ၂၄



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

❑ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ညနေ ၆ နာရီတွင် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ရောက်ရှိကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

**ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးရာဝန်ကြီးများနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ဇနီးများ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ အတွင်းရေးမှူးနှင့် ဇနီးတို့အား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မီးရှူးမီးပန်းများပစ်ဖောက်ဂုဏ်ပြုမှုကို ကြည့်ရှုအားပေးကြသည်။

**ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့် အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့မှ တေးသံရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေတင်ဆက်ကြသည်။

**ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေး**

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မြို့တော်ခန်းမ လဟာပြင်ဇာတ်ရုံ၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၏

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

တိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထိုသို့ဖျော်ဖြေတင်ဆက်ရာတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "ငြိမ်းချမ်းတမန် ဖိတ်ခေါ်သံ" ဂုဏ်ပြုတေးဂီတ ကဇာတ်ဖြင့်လည်းကောင်း၊ ကချင်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ကယားတိုင်းရင်းသားရိုးရာအကအဖွဲ့၊ ကရင်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ချင်းတိုင်းရင်းသားရိုးရာအကအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး ဗမာတိုင်းရင်းသားရိုးရာအကအဖွဲ့၊ မွန်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ရှမ်းတိုင်းရင်းသားရိုးရာအကအဖွဲ့တို့က တိုင်းရင်းသားရိုးရာ တေးသီချင်းများဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက "ပြည်ထောင်စုတိုင်းရင်းသားတို့မြေ" ယိမ်းအကဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဖျော်ဖြေတင်ဆက်မှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးရာဝန်ကြီးများနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးများ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ တက်ရောက်လာကြသူများ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ တိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဝမ္ဘဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဝမ္ဘဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း ဖတ်ကြားစဉ်။

❖ *ကျောဖုံးမှ*

ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး၊ ပြည်ထောင်စု တိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေးဟူသည့် အမျိုးသားရေးဦးတည်ချက်(၅)ရပ်ဖြင့် အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

ဦးစွာ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို နံနက် ၅ နာရီခွဲတွင်ကျင်းပရာ တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့်အတူ အလံတင်တပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို လွှင့်တင်သည်။

**ချီတက်နေရာယူ**

ထို့နောက် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားသို့ တက်ရောက် အလေးပြုကြမည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများသည် နံနက် ၅ နာရီမှ စတင်၍ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို နံနက် ၇ နာရီတွင် ကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူသည်။

**အလေးပြုခြင်း ခံယူ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းက ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပသည့် မြို့တော်ခန်းမဥပစာရင်ပြင်ရှိ စင်မြင့်ပေါ်၌ နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌသည် တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

**သဝဏ်လွှာ ဖတ်ကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**တက်ရောက်**

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားသူကြီးများ၊ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသား၊ တိုင်းရင်းသူ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားတွင် တိုင်းရင်းသား တိုင်းရင်းသူများ နိုင်ငံတော်အလံကို တက်ရောက် အလေးပြုကြစဉ်။

# တစ်ကျော့ပြန် ကုန်သွယ်ရေးစစ်ပွဲလေလား

စောနိုင်(အသုံးချဘောဂဗေဒ)

**ကုန်သွယ်ရေးစစ်ပွဲ ဟူသည် ကုန်သွယ်ရေးကိစ္စများတွင် ကိုယ်ကျိုးစီးပွားကာကွယ်နိုင်ရေးကို ဦးစားပေးလုပ်ဆောင်ရင်း နိုင်ငံများအချင်းချင်း ထိပ်တိုက်ရင်ဆိုင်လာရသည့်အခြေအနေဖြစ်သည်။ ကုန်သွယ်ဖက်နိုင်ငံများအကြား၌ ကိုယ်ကျိုးစီးပွားကာကွယ်မှုဝါဒကျင့်သုံးရာမှ ဖြစ်ပေါ်လာသော အကျိုးဆက်ဟုလည်း ဆိုနိုင်သည်။ ယေဘုယျအားဖြင့် နိုင်ငံများသည် ပြည်တွင်းမှ ငွေအထွက်ပမာဏ လျော့နည်းစေရေး၊ နိုင်ငံရပ်ခြားမှ ငွေအဝင်ပမာဏမြင့်မားတိုးတက်စေရေးအတွက် သွင်းကုန်ပမာဏထက် ပို့ကုန်ပမာဏပိုမိုနိုင်ရေး အားထုတ်ကြလေ့ရှိကြသည်။ နိုင်ငံအတွင်းသို့ သွင်းကုန်များ အလွယ်တကူ ဝင်ရောက်မလာနိုင်ရေးအတွက် အရေအတွက် သတ်မှတ်ချက် (Quota)၊ အကောက်ခွန် (tariff)၊ အခြားသော အကောက်ခွန်မဟုတ်သည့် ကုန်သွယ်ရေးအတားအဆီး (Non–Tariff Barriers–NTB) တို့ကို ကုန်သွယ်ဖက်နိုင်ငံများ အချင်းချင်းအကြား အပြန်အလှန် ချမှတ်ကျင့်သုံးလျက် တုံ့ပြန်ပြုလုပ်ကြခြင်းဖြစ်သည်။**

ကုန်သွယ်ဖက်နိုင်ငံများ အချင်းချင်းအကြား သွင်းကုန်များအပေါ် အကောက်ခွန်များ တိုးမြှင့်စည်းကြပ်ကောက်ခံသောအခါ သွင်းကုန်တင်သွင်းမှုများတွင် အပြန်အလှန်ခက်ခဲမှုများ ဖြစ်လာသည်။ ဤသို့ သွင်းကုန်များနှင့်ပတ်သက်၍ အကောက်ခွန်မြှင့်တင်စည်းကြပ်ခြင်းကို ဘတစ်ပြန်ကျားတစ်ပြန် ပြုလုပ်ကြရင်း နှစ်ဖက်နိုင်ငံအတွင်းသို့ သွင်းကုန်စီးဝင်မှု လျော့နည်းကျဆင်းလာကာ နှစ်နိုင်ငံကုန်သွယ်မှုပမာဏပါ ကျဆင်းလာတော့သည်။ အကျိုးဆက်အားဖြင့် သက်ဆိုင်ရာ နိုင်ငံများ၏ ပြည်တွင်းထုတ်လုပ်မှုအပေါ်လည်းကောင်း၊ စီးပွားရေးအဆောက်အအုံအတွင်းရှိအလုပ်အကိုင်အခွင့်အလမ်းများကိုလည်းကောင်း ထိခိုက်မှုများရှိလာသည်။ ထို့ကြောင့် နိုင်ငံများအကြား ကိုယ်ကျိုးစီးပွားကာကွယ်မှုများ ပြုလုပ်လျက် ကုန်သွယ်ရေးစစ်ပွဲများ ဖန်တီးခြင်းသည် သက်ဆိုင်ရာနိုင်ငံများ၏ ကုန်ထွက်ကို ကျဆင်းစေသကဲ့သို့ ပိုမိုပြင်းထန်လာပါက နှစ်ဖက်အကျိုးစီးပွား ထိခိုက်မှုများဆီသို့သာ ဦးတည်သွားစေသည်။

> **“ကုန်သွယ်ဖက်နိုင်ငံများ အချင်းချင်းအကြား သွင်းကုန်များအပေါ် အကောက်ခွန်များ တိုးမြှင့်စည်းကြပ်ကောက်ခံသောအခါ သွင်းကုန်တင်သွင်းမှုများတွင် အပြန်အလှန်ခက်ခဲမှုများ ဖြစ်လာသည်။ ဤသို့ သွင်းကုန်များနှင့်ပတ်သက်၍ အကောက်ခွန် မြှင့်တင်စည်းကြပ်ခြင်းကို ဘတစ်ပြန်ကျားတစ်ပြန် ပြုလုပ်ကြရင်း နှစ်ဖက်နိုင်ငံအတွင်းသို့ သွင်းကုန်စီးဝင်မှု လျော့နည်းကျဆင်းလာကာ နှစ်နိုင်ငံကုန်သွယ်မှုပမာဏပါ ကျဆင်းလာတော့သည်။ အကျိုးဆက်အားဖြင့် သက်ဆိုင်ရာ နိုင်ငံများ၏ ပြည်တွင်းထုတ်လုပ်မှုအပေါ်လည်းကောင်း၊ စီးပွားရေးအဆောက်အအုံအတွင်းရှိ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်းကောင်း ထိခိုက်မှုများရှိလာသည်။ ထို့ကြောင့် နိုင်ငံများအကြား ကိုယ်ကျိုးစီးပွားကာကွယ်မှုများ ပြုလုပ်လျက် ကုန်သွယ်ရေးစစ်ပွဲများ ဖန်တီးခြင်းသည် သက်ဆိုင်ရာနိုင်ငံများ၏ ကုန်ထွက်ကို ကျဆင်းစေသကဲ့သို့ ပိုမိုပြင်းထန်လာပါက နှစ်ဖက်အကျိုးစီးပွား ထိခိုက်မှုများဆီသို့သာ ဦးတည်သွားစေသည်”**

စီးပွားရေးပညာရှင်အချို့ကလည်း နိုင်ငံကြီးများ ကျင့်သုံးနေသည့် ကိုယ်ကျိုးစီးပွားကာကွယ်ရေးနည်းလမ်းအချို့သည် တစ်ဖက်သတ် အကျိုးစီးပွားကို အလေးထားလွန်းပါက အကျိုးစီးပွားထက် အကျပ်အတည်းကိုသာ ပိုမိုဦးတည်စေသည်ဟု သုံးသပ်ထားသည်။ နိုင်ငံများကျင့်သုံးလေ့ရှိသည့် ကိုယ်ကျိုးစီးပွားကာကွယ်မှုများ (protectionism) တွင် နိုင်ငံတကာကုန်သွယ်မှုကို ပိုမိုပျက်စီးစေသည့် နည်းလမ်းမှာ ပြည်တွင်းလုပ်ငန်းများကို ထောက်ပံ့ကြေးများ (subsidies) ပေးခြင်းဖြစ်သည်။ ထိုသို့ပြုမူခဲ့ပါက တစ်ဖက်နိုင်ငံမှ တုံ့ပြန်ဆောင်ရွက်ရန် ပိုမိုခက်ခဲနိုင်ပြီး ကိုယ်ကျိုးစီးပွား ကာကွယ်မှုအရှိန်မြင့်တက်နိုင်သည်။ အစိုးရများအချင်းချင်းအကြား အငြိုးအတေးပင်ဖြစ်လာနိုင်သည်ဟု ကောက်ချက်ချကြသည်။ ထောက်ပံ့ကြေးပေး၍ ကိုယ်ကျိုးစီးပွားကာကွယ်သည့် နည်းလမ်းမျိုးကို ဆင်းရဲနွမ်းပါးသောနိုင်ငံများအနေဖြင့် လုပ်ဆောင်နိုင်စွမ်းရှိကြမည်မဟုတ်ပေ။

ကုန်သွယ်ရေးစစ်ပွဲများ၏ နောက်ဆုံးအကျိုးရလဒ်သည်ကား ဆိုးကျိုးသာဖြစ်စေသည်ကို သမိုင်းအတွေ့အကြုံများက သက်သေပြခဲ့ပြီးဖြစ်၏။ သို့တိုင် ၂၁ရာစုကာလကမ္ဘာ့စီးပွားရေးအခင်းအကျင်းတွင် “ကုန်သွယ်ရေးစစ်ပွဲ” အသံများကို ထပ်ကာတလဲလဲ ကြားနေရဆဲပင်။ တစ်ကမ္ဘာလုံးအဆက်အစပ် အားကောင်းလာနေသော ဂလိုဘယ်လိုက်ဇေးရှင်းအချိန်အခါတွင် ကုန်သွယ်ရေးစစ်ပွဲများ ထပ်မံဖြစ်ပေါ်လာခဲ့ပါက အတိတ်ကာလများကထက် ပို၍ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနိုင်သည်ဟု မှန်းဆလျက်ရှိနေကြသည်။ ကောင်းကျိုးထက် ဆိုးကျိုးများကိုသာ ပိုမိုဖြစ်စေနိုင်သော ဘတစ်ပြန်ကျားတစ်ပြန် ကုန်သွယ်ရေးဟန့်တားမှုများ မည်သို့စတင်ခဲ့သနည်း။

ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးသမိုင်းကြောင်းတစ်လျှောက် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ကုန်သွယ်ရေးဟန့်တားမှုများရှိခဲ့သည်။ ပထမကမ္ဘာစစ်အပြီး အမေရိကန်နိုင်ငံတွင် စမုသ်– ဟော်လီ အခွန်အက်ဥပဒေ (Smoot–Hawley Tariff Act)ဖြင့် ကုန်သွယ်ရေးစစ်ပွဲအသွင် ဖန်တီးခဲ့ခြင်းသည် ထင်ရှားသောဖြစ်ရပ်ထဲမှတစ်ခု ဖြစ်ခဲ့သည်။ သမ္မတဟားဘတ်ဟူးဗား (Harbert Hoover)၊ (၁၉၂၉–၁၉၃၃) လက်ထက် အမေရိကန် စီးပွားရေးကျဆင်း၍ ပြည်တွင်းလုပ်ငန်းများ အခက်အခဲရင်ဆိုင်နေရချိန်၌ နိုင်ငံတွင်းသို့ ဝင်ရောက်လာမည့် သွင်းကုန်များကို ဟန့်တား၍ အမေရိကန်စီးပွားရေး အကျိုးဖြစ်ထွန်းစေရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ သို့သော် ကုန်သွယ်ဖက်နိုင်ငံများ၏ တုံ့ပြန်လုပ်ဆောင်မှုများကြောင့် အခက်အခဲများဆီသို့သာ ဦးတည်သွားခဲ့သည်။ နောက်ဆုံး၌ ပိုမိုဆိုးရွားသော စီးပွားရေးအကျပ်အတည်းကို ရင်ဆိုင်ခဲ့ကြရ၏။

အမေရိကန်နိုင်ငံ၏ အယောက် ၄၀ မြောက် သမ္မတရော်နယ်လ်ရေဂင် လက်ထက် (၁၉၈၁–၁၉၈၉)ကာလများ၌လည်း ဂျပန်သွင်းကုန်များနှင့် ပတ်သက်၍ ကိုတာ (Quota) အရေအတွက် ကန့်သတ်ချက်များ ရှိခဲ့ဖူးသည်။ အမေရိကန်စီးပွားရေး အဆောက်အအုံအတွင်း အလုပ်အကိုင်များစွာ ဆုံးရှုံးမှုမှ ကာကွယ်နိုင်ခဲ့၏။ သို့ရာတွင် နောက်ဆုံးရလဒ်မှာ အကျိုးဖြစ်ထွန်းမှုထက် ဆုံးရှုံးမှုသာ ပိုမို များပြားခဲ့ပေသည်။ သမ္မတ ဂျော့ဒဗလျူဘုရှ်လက်ထက် (၂၀၀၁–၂၀၀၉)တွင်လည်း သံမဏိသွင်းကုန်များအပေါ်တွင် အကောက်ခွန်များ မြှင့်တင်ကောက်ခံခဲ့ပြန်သည်။ ကုန်သွယ်ဖက်ဥရောပနိုင်ငံများ၏ ပြန်လည်တုံ့ပြန်မှုများကို ကြုံတွေ့ခဲ့ရသဖြင့် အစီအစဉ်ပြန်လည်ရုပ်သိမ်းခဲ့ရသည်။ သမ္မတ အိုဘားမားလက်ထက် (၂၀၀၉–၂၀၁၇ ) တရုတ်နိုင်ငံမှ တာယာသွင်းကုန်များအပေါ် အခွန်တိုးမြှင့် စည်းကြပ်သည့် အားထုတ်မှုသည်လည်း အမေရိကန်စီးပွားရေးအတွက် အကျိုးအမြတ်ဖြစ်ထွန်းမှု မရှိခဲ့ပေ။

၂၀၁၇ ခုနှစ်တွင် ဒေါ်နယ်ထရမ့်သည် အမေရိကန်သမ္မတအဖြစ် ပထမအကြိမ် တာဝန်ယူခဲ့သည်။ ထိုကာလအတွင်း၌ အမေရိကန်နှင့် တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးပဋိပက္ခများ ရှိခဲ့သည်။ ၂၀၁၈ ခုနှစ် မတ်လကုန်ခါနီး၌ တရုတ်နိုင်ငံမှ အမေရိကန်နိုင်ငံသို့တင်ပို့သည့် သံမဏိနှင့် အလူမီနီယံ ပို့ကုန်များအပေါ် အခွန်ပိုမိုစည်းကြပ်မည့်ကိစ္စနှင့် ပတ်သက်၍ သမ္မတ ထရမ့်ကိုယ်တိုင် လက်မှတ်ရေးထိုးအတည်ပြုခဲ့၏။ တရုတ်နိုင်ငံသည်လည်း ၎င်းတို့၏အကျိုးစီးပွားကို ကာကွယ်ရန်အတွက် အမေရိကန်မှ တရုတ်သို့ တင်သွင်းသည့် ကုန်စည်များအပေါ် အခွန်တိုးမြှင့်ကောက်ခံရန် အစီအမံများ ချမှတ်ခဲ့သည်။ ထို့ပြင် အီးယူ၊ ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့မှ သွင်းလာမည့် သံမဏိသွင်းကုန်များပေါ်တွင်ပါ ပိုမိုကောက်ခံ စည်းကြပ်ခဲ့ရာ အီးယူသည် အမေရိကန်ထုတ်ကုန်များအပေါ် ပြန်လည်အခွန်တိုးမြှင့်မည်ဟု တုံ့ပြန်လျက် သွင်းကုန်ခွန်တိုးမြှင့်မည့်စာရင်းကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တင်ပြခဲ့သည့် အခြေအနေအထိဖြစ်ခဲ့ရသည်။ အိန္ဒိယနိုင်ငံအပေါ်လည်း သက်ရောက်မှုများ ဖြစ်ခဲ့သည်။ အမေရိကန်နိုင်ငံသို့ နှစ်စဉ်တင်သွင်းနေသည့်သံမဏိနှင့် အလူမီနီယံ အပါအဝင် အိန္ဒိယသွင်းကုန်များပါ ထိခိုက်မှုဖြစ်လာနိုင်ခြေရှိသောကြောင့် အိန္ဒိယနိုင်ငံကလည်း အမေရိကန်မှ တင်သွင်းလာသည့် ကုန်ပစ္စည်းများအပေါ် အခွန်သစ်များ တိုးမြှင့်ကောက်ရန် ပြင်ဆင်ခဲ့ကြရသည်။

ကုန်သွယ်ရေးစစ်ပွဲ၏ သက်ရောက်မှုများနှင့်ပတ်သက်၍ အမေရိကန်စီးပွားရေး အဆောက်အအုံအတွင်း၌လည်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူများ၊ အခြားသောကဏ္ဍများ ကုန်ထုတ်လုပ်ငန်းရှင်များ စိုးရိမ်ပူပန်မှုများ ဖြစ်ခဲ့ကြသည်။ အမေရိကန်သမ္မတထရမ့်၏ တစ်ဇွတ်ထိုးအပြုအမူသည် ကမ္ဘာ့စီးပွားရေးအခင်းအကျင်းကို အကြီးအကျယ်ဟန်ချက်ပျက်စေလိမ့်မည်ဟု ထင်မြင်ချက်များလည်း ပေါ်ထွက်ခဲ့သည်။ ထိုအချိန်က အမေရိကန်သမ္မတ စီးပွားရေးအကြံပေးအကြီးအကဲ ပညာရှင် Gary Cohn ဆိုလျှင် တရုတ်သွင်းကုန်များကို အခွန်တိုးမြှင့်ကောက်ခံမည်ဟု ကြေညာချက် ထွက်ပေါ်လာကတည်းက အိမ်ဖြူတော်ကို စွန့်ခွာခဲ့သည်ဟု သိရသည်။

ယခု ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဒေါ်နယ်ထရမ့်သည် အမေရိကန်သမ္မတတာဝန်ဖြင့် အိမ်ဖြူတော်သို့ ဒုတိယအကြိမ် ပြန်လည်ရောက်ရှိလာခဲ့ပြန်လေပြီ။ သမ္မတတာဝန်စတင်ယူချိန်မှာပင် မက္ကဆီကို၊ ကနေဒါနှင့် တရုတ်နိုင်ငံတို့မှ အမေရိကန်သို့ တင်ပို့လာမည့် ကုန်ပစ္စည်းများအပေါ်တွင် မြင့်မားသော အကောက်ခွန်များဖြင့် ပိတ်ပင်ဟန့်တားနိုင်ရန် ထပ်မံစီစဉ်လျက်ရှိနေ၏။ မက္ကဆီကို၊ ကနေဒါနှင့် တရုတ်နိုင်ငံအစိုးရတို့ကလည်း ပြန်လည်တုံ့ပြန်မည့် နည်းလမ်းများကို စဉ်းစားရှာဖွေနေကြပြီဖြစ်သည်။ ကုန်သွယ်ရေးစစ်ပွဲမီး တစ်ကျော့ပြန် တောက်လောင်တော့မည်လား။

အမေရိကန်နိုင်ငံသည် ကုန်သွယ်ရေးစစ်မီးကို စတင်မွှေးခဲ့၏။ မကျေနပ်ချက် ဒေါသလောင်စာရှိနေကြသော ကုန်သွယ်ဖက်နိုင်ငံများထံမှ တုံ့ပြန်မှုများမှတစ်ဆင့် ကမ္ဘာအနှံ့ ကူးစက်လောင်ကျွမ်းမှုများဖြစ်လာနိုင်သည်။ ဒိုမီနိုသက်ရောက်မှု (Domino effect) ဖြစ်လာတော့မည်လား။ ကမ္ဘာ့နိုင်ငံ အတော်များများ၏ ကုန်သွယ်ရေးကဏ္ဍကို တစ်နွယ်ငင် တစ်စင်ပါ ထိခိုက်မှုများရှိလာမည်။ နိုင်ငံအသီးသီးတို့ ကုန်ထုတ်လုပ်မှုကဏ္ဍ ကျဆင်းမှုကြုံတွေ့လာရနိုင်မည်။ ထိုသို့ မှန်းဆမှုများဖြင့် “ကုန်သွယ်ရေးစစ်ပွဲ” အသံကြားတိုင်း ပညာရှင်များ၊ သုတေသီများနှင့် နိုင်ငံခေါင်းဆောင် အတော်များများထံမှ စိုးရိမ်သံများ ပေါ်ထွက်ခဲ့ကြ၏။ ထို့ကြောင့် စီးပွားရေးအင်အားကြီး၍ စားသုံးမှုပမာဏများပြားသော အမေရိကန်နိုင်ငံကို တာဝန်ယူနေသည့် သမ္မတဒေါ်နယ်ထရမ့် အစိုးရအနေဖြင့် အတိတ်ကာလ ကြုံတွေ့ခဲ့ရသော ကုန်သွယ်ရေး၏ စစ်ပွဲသက်ရောက်မှု အခြေအနေများကို ပြန်လည်သုံးသပ်ဆင်ခြင်ရမည့်အချိန်ဖြစ်သည်ကို သဘောပေါက်ရပေတော့မည်။

သမ္မတတာဝန် စတင်တာဝန်ယူသည့် ရက်သတ္တနှစ်ပတ်ဝန်းကျင်အတွင်း ကြားသိလာရသည့် သမ္မတဒေါ်နယ်ထရမ့်၏ သွင်းကုန်များအပေါ် အကောက်ခွန်တိုးမြှင့်မှု အစီအမံများနှင့် ပတ်သက်၍ ပညာရှင်များ၊ သုတေသီများက ကမ္ဘာ့ကုန်သွယ်ရေး အခြေအနေ ယောက်ယက်ခတ်နိုင်ကြောင်း၊ ပရမ်းပတာဖြစ်နိုင်ကြောင်း သတိပေးနေကြပြီ။ နိုင်ငံတစ်နိုင်ငံသည် ၎င်းတို့ တစ်နိုင်ငံတည်း၏ အကျိုးစီးပွားကိုသာ အလေးထားလျက် ကုန်သွယ်ဖက်နိုင်ငံ သို့မဟုတ် အခြားနိုင်ငံများကို အခက်အခဲဖြစ်စေရန်ပြုလုပ်ပါက အိမ်နီးချင်း ဒုက္ခဖြစ်စေသောပေါ်လစီ(Beggar–thy–neighbour Policy)ကို ကျင့်သုံးခြင်းဟု ဆိုသည်။ ထိုသို့ တစ်နိုင်ငံ၊ တစ်ဘို့တည်းကို ကြည့်၍ ကိုယ်ကျိုးစီးပွားကိုသာ အလွန်အမင်း ဦးစားပေးလုပ်ဆောင်နေခြင်းသည် ကမ္ဘာ့စီးပွားရေးကျဆင်းမှုများ၊ စီးပွားရေးပျက်ကပ်များ ဖြစ်စေသည့် အကြောင်းရင်းခံဖြစ်သည်ဟုလည်း သုတေသီတို့ကလည်း သုံးသပ်ခဲ့ကြပြီးဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ၎င်း၏ ပထမအကြိမ် သမ္မတသက်တမ်းကာလအတွင်း မွှေးခဲ့သော ကုန်သွယ်ရေးစစ်ပွဲမီးကို ဒုတိယအကြိမ် သမ္မတသက်တမ်း၌ ထပ်မံ၍ လောင်စာဖြည့်ထည့်နေသကဲ့သို့ဖြစ်၏။

ကိုယ်ကျိုး စီးပွားကာကွယ်မှုကြောင့် ဖြစ်ပေါ်လာသော ကုန်သွယ်ရေးစစ်ပွဲကဲ့သို့ ဖြစ်ရပ်မျိုးသည် နိုင်ငံတကာကုန်သွယ်ရေး နယ်ပယ်တစ်ခုလုံးပေါ်တွင် သက်ရောက်လာခဲ့ပါက ဖွံ့ဖြိုးပြီး ချမ်းသာသော နိုင်ငံငယ်များထက် ဖွံ့ဖြိုးဆဲနိုင်ငံငယ်များတွင် ပိုမိုထိခိုက်မှုများရှိလာတတ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအနေဖြင့် အင်အားကြီးနိုင်ငံတို့၏ စိတ်လိုက်မာန်ပါလှုပ်ရှားမှုများကြောင့် ဖြစ်ပေါ်လာမည့် ကုန်သွယ်ရေးအခြေအနေ အပြောင်းအလဲဖောက်ကွက်များကို စိုးရိမ်တကြီး စောင့်ကြည့်မှန်းဆ၍ တတ်နိုင်သမျှ ပြင်ဆင်ထားရုံမှတစ်ပါး အခြားမရှိလေပြီ။ ။

# လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ဈေးနှုန်းချိုသာပြီး အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

**လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်မှုညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ကျင်းပလျက်ရှိသည့် ဥပ္ပါတသန္တိ စေတီတော်အနီးရှိ တပေါင်းကွင်း ယာယီကွပ်ကဲရေးရုံး၌ ကျင်းပပြုလုပ်သည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း လယ်ယာသုံးစက်ကိရိယာထုတ်လုပ်မှု ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဖွဲ့စည်းထားရှိသည့် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဆပ်ကော်မတီအသီးသီးမှ အဖွဲ့ဝင်များ၊ ဆက်စပ်ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြခန်းများတွင် လယ်ယာသုံးစက်ကိရိယာများ ခင်းကျင်းပြသထားမှုနှင့် ပတ်သက်၍ စက်ပစ္စည်းများ၏ အားသာချက်၊ အားနည်းချက်များကို သုံးသပ်၍ ယခုထက် ပိုမိုကောင်းမွန်သည့် စက်ကိရိယာများ ဖြစ်စေရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ပေးရန် လမ်းညွှန်မှုပြုခဲ့ပါကြောင်း၊ ထို့ကြောင့် လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ရာတွင် အရည်အသွေးပြည့်မီစေရေးအတွက် နည်းပညာအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ တောင်သူများလိုအပ်သည့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများအား ဈေးနှုန်းချိုသာပြီး အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများကို ထုတ်လုပ်လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် နည်းပညာဖလှယ်နိုင်ရေး၊ အကြံဉာဏ်များရရှိရေး၊ ပိုမိုကောင်းမွန်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးတို့အတွက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြခန်းကိုယ်စားလှယ်များက မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် လယ်ယာသုံးစက်ပစ္စည်းကိရိယာများထုတ်လုပ်ပြီး လက်တွေ့အသုံးချနေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြကာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ထုတ်လုပ်ခဲ့မှု၊ ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်အား သုတေသနပြုလုပ်၍ တီထွင်ထုတ်လုပ်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လယ်ယာသုံးစိုက်ပျိုးရေးကိရိယာများကို ထုတ်လုပ်လျက်ရှိသည့် လုပ်ငန်းရှင်များ မထုတ်လုပ်နိုင်သည့် စက်ပစ္စည်းကိရိယာအစိတ်အပိုင်းများ ရှိပါက ထုတ်လုပ်ပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် လယ်ယာသုံးပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းရှင်နှင့်တောင်သူများ၏ လိုအပ်ချက်များကို အစွမ်းကုန်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး /ပြည်နယ်အသီးသီးမှ ထုတ်လုပ်လျက်ရှိသည့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများအား ယခုထက်ပိုမိုအရည်အသွေးကောင်းမွန်စေရေးအတွက် လုပ်ငန်းရှင်အချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံမှစ၍ စနစ်တကျ စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများ အမြောက်အမြားထုတ်လုပ်နိုင်လျှင် ဈေးနှုန်းလည်းကျဆင်းမည်ဖြစ်၍ ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုနည်းပညာအဖွဲ့များဖွဲ့စည်း၍ ကောင်းမွန်သည့် စီမံခန့်ခွဲမှုစနစ်များဖြင့် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်းလုပ်ငန်းများသည် စနစ်တကျဖြင့် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ထုတ်လုပ်နိုင်ရေးအတွက် တွေ့ကြုံနေရသည့် အခက်အခဲများ၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများမှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်အချက်များ၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာဆိုင်ရာအဖွဲ့ ဖွဲ့စည်းရေးဆိုင်ရာကိစ္စရပ်များကို အသေးစိတ် ညှိနှိုင်းဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နေပြည်တော်ကောင်စီ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ အားကစားပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် နေပြည်တော်ကောင်စီ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ အားကစားပြိုင်ပွဲနှင့် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ ထမနဲထိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ ရုံးဝင်းအတွင်းရှိ အားကစားကွင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဇနီး၊ နေပြည်တော်ကောင်စီဝင်များနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြည့်ရှုအားပေးကြသည်။




ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဇနီး၊ နေပြည်တော်ကောင်စီဝင်များနှင့် ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ ထမနဲထိုးနေမှုနှင့် နေပြည်တော်ကောင်စီ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ အားကစားပြိုင်ပွဲများ ပျော်ရွှင် စည်ကားသိုက်မြိုက်စွာ ကျင်းပနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး အားကစားနည်းအလိုက် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များနှင့်အတူ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ပါဝင်ပြသသည့် လုပ်ငန်း/စီးပွား ချိတ်ဆက်မှုပြခန်း (Business Matching Hall )၌ ပြည်တွင်းဈေးကွက် ချိတ်ဆက်ရေးအတွက် လက်လီလက်ကား ရောင်းချသူများနှင့် MSME လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးနေမှုများ၊ မြန်မာနိုင်ငံ ဘဏ်များအသင်းပြခန်း၊ Digital Corner နည်းပညာပြခန်း၊ ကုန်ထုတ်သမဝါယမအသင်းများ၏ ထုတ်ကုန်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ ထုတ်ကုန်လုပ်ငန်းများ ပိုမိုတိုးတက် အောင်မြင်ရန်အတွက် လေ့လာ ဆောင်ရွက်နိုင်ရေးကို တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

● *ကျော်ဖုံးမှ*

တိုက်စစ်ဆင်မှုများကို ခုခံကာကွယ်ခဲ့ရသည်။ ထို့အပြင် ယခုနှစ်ရာသီတွင် ပုံမှန်ခြေစွမ်းပြသရန် ရုန်းကန်နေရသည့် မန်စီးတီးအသင်းသည် ဦးဆောင်ဂိုးများ သွင်းယူနိုင်မှုနှင့်အတူ ရီးရဲမက်ဒရစ်အသင်းကို ပွဲချိန်တစ်လျှောက် အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့သည်။

သို့သော်လည်း ရီးရဲမက်ဒရစ်အသင်း၏ အမ်ဘာပေ၊ ဗင်နီးစီးယပ်စ်တို့၏ တိုက်စစ်အစုအဖွဲ့ကို မန်စီးတီးအသင်း ခံစစ်က ပွဲချိန်ပြည့် ခုခံကာကွယ်ထားနိုင်ခြင်းမရှိဘဲ ချေပဂိုးများနှင့် အနိုင်ဂိုးပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းအတွက် သွင်းဂိုးများကို အသင်းအဓိက တိုက်စစ်ကစားသမား ဟာလန်းတစ်ဦးတည်းက သွင်းယူပေးပြီး ရီးရဲမက်ဒရစ်အသင်းအတွက် သွင်းဂိုးများကို အမ်ဘာပေ၊ ဒီယက်ဇ်နှင့် ဘဲလင်ဂမ်တို့က သွင်းယူပေးခဲ့သည်။

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ရှုံးထွက်အဆင့် ပထမအကျော့မှ အခြားပွဲစဉ်ရလဒ်များတွင် ပီအက်စ်ဂျီက ဘရက်စ်ကို သုံးဂိုး–ဂိုးမရှိ၊ ဂျူဗင်တပ်စ်က ပီအက်စ်ဗွီကို နှစ်ဂိုး–တစ်ဂိုး၊ ဒေါ့မွန်က စပို့တင်းအသင်းကို သုံးဂိုး – ဂိုးမရှိဖြင့် အသီးသီးနိုင်ပွဲရရှိကာ နောက်တစ်ဆင့်တက်လှမ်းနိုင်ရေး အခွင့်အရေးကောင်း ပိုင်ဆိုင်ခဲ့ကြသည်။

**အောင်ဇော်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# တက္ကသိုလ်များနယ်မြေ(ရေဆင်း)၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာပဒေသာကပွဲနှင့် စျေးရောင်းပွဲတော်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

**တက္ကသိုလ်များနယ်မြေ(ရေဆင်း)၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာပဒေသာကပွဲနှင့် စျေးရောင်းပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တက္ကသိုလ်များနယ်မြေ(ရေဆင်း) ရှိ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၌ ကျင်းပသည်။**

စျေးရောင်းပွဲတော်သို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တက္ကသိုလ်များနယ်မြေ(ရေဆင်း)မှ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများက စျေးရောင်းပွဲတော်ရှိ တက္ကသိုလ်များမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆပ်ကော်မတီများ၏ တိုင်းရင်းသားရိုးရာ အစားအစာများ ရောင်းချနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။**(ယာပုံ)**

ထို့နောက် တိုင်းရင်းသားရိုးရာပဒေသာကပွဲကို သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ ပါမောက္ခချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးများက ကျောင်းသား ကျောင်းသူများ၏ တိုင်းရင်းသားရိုးရာအက များဖြင့် တင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက တိုင်းရင်းသားရိုးရာ ပဒေသာအကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး တက်ရောက်လာသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။



(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာပဒေသာကပွဲနှင့် စျေးရောင်းပွဲတော်သို့ တက္ကသိုလ်များနယ်မြေ (ရေဆင်း)ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းသည် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာ ဖတ်ကြားခြင်း အခမ်းအနားကျင်းပသည့် နေရာသို့ ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူ၍ ဂုဏ်ပြုတပ်ဖွဲ့၊ တက်ရောက်လာကြသူများနှင့်အတူ နိုင်ငံတော်အလံအား အလေးပြုကြသည်။

ဆက်လက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး ဌာနဆိုင်ရာပြခန်းများနှင့် ဂီတပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(ဝဲပုံ)**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ပြသထားသည့် ရန်ကုန်တိုင်းဒေသကြီး ဌာနဆိုင်ရာ ပြခန်းများအတွင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး ဌာနဆိုင်ရာပြခန်း ၅၉ ခန်းနှင့် လာရောက်လည်ပတ်ကြသူများ စားရေးသောက်ရေး အဆင်ပြေစွာ ဝယ်ယူစားသောက်နိုင်ရေး စားသောက်ဆိုင်များ၊ အမှတ်တရ လက်ဆောင်ပစ္စည်းဆိုင်များ၊ MSME အရောင်းဆိုင်ခန်းများအပါအဝင် ဆိုင်ခန်း ၁၆၀ ကျော်ဖြင့် ဖေဖော်ဝါရီ ၁၄ ရက်အထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။

ထို့ပြင် ပွဲတော်သို့ လာရောက်ကြသူများ အဆင်ပြေချောမွေ့စေရန်အတွက် YBS မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးထားသဖြင့် လာရောက်လည်ပတ်သူများ စိတ်ချမ်းမြေ့စွာဖြင့် အထူးစည်ကားစွာ လည်ပတ်လျက်ရှိကြောင်း သိရသည်။

**ဇော်မင်းလတ် –MNA**

# ကိုရီးယားသမ္မတနိုင်ငံသို့ EPS စနစ်ဖြင့် မြန်မာလုပ်သား ၁၄၇ ဦး စေလွှတ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ကိုရီးယားသမ္မတနိုင်ငံသို့ အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီ (POEA) မှတစ်ဆင့် EPS စနစ်ဖြင့် မြန်မာလုပ်သား ၁၄၇ ဦးကို ယနေ့တွင် စေလွှတ်ခဲ့ကြောင်း ကိုရီးယားသမ္မတနိုင်ငံ ဆိုင်ရာ မြန်မာသံရုံးမှ သိရသည်။

ယင်းကဲ့သို့ စေလွှတ်သော ကုန်ထုတ်လုပ်သားသစ် ၁၃၉ ဦး (သစ်တော ၁၉ ဦး)နှင့် ဆောက်လုပ်ရေးလုပ်သားသစ် ရှစ်ဦး စုစုပေါင်း ၁၄၇ ဦးသည် ယနေ့တွင် ရန်ကုန်မြို့မှ အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မြန်မာအမျိုးသား လေကြောင်းလိုင်း UB 8301 (Charter Flight) ခရီးစဉ်ဖြင့် ရောက်ရှိခဲ့ကြောင်း သိရသည်။

ရောက်ရှိလာသော အလုပ်သမားများအား မြန်မာသံရုံး ဆိုးလ်မြို့မှ အလုပ်သမားသံအရာရှိက ကြိုဆို၍ အလုပ်သမားများ သိရှိလိုက်နာသင့်သည့် အချက်များကို မှာကြားပြီး လိုအပ်သည်များ ကူညီပံ့ပိုးပေးခဲ့ကြောင်း ကိုရီးယား သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သိရသည်။

ဇန်နဝါရီ ၁၅ ရက်ကလည်း ကိုရီးယားသမ္မတနိုင်ငံသို့ အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီ (POEA) မှတစ်ဆင့် EPS စနစ်ဖြင့် ကုန်ထုတ်လုပ်သားသစ် ၁၀၇ ဦးနှင့် စိုက်ပျိုး/မွေးမြူရေးလုပ်သားသစ် ၃၇ ဦး စုစုပေါင်း ၁၄၄ ဦး စေလွှတ်ခဲ့ပြီး အဆိုပါအလုပ်သမားများသည် ရန်ကုန်မြို့မှ အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မြန်မာအမျိုးသား လေကြောင်းလိုင်း UB 8301 (Charter Flight) ခရီးစဉ်ဖြင့် ရောက်ရှိခဲ့ပြီး မြန်မာသံရုံး ဆိုးလ်မြို့မှ အလုပ်သမားသံအရာရှိက ကြိုဆို၍ အလုပ်သမားများ သိရှိလိုက်နာသင့်သည့် အချက်များကို မှာကြားကာ လိုအပ်သည်များ ကူညီပံ့ပိုးပေးခဲ့ကြောင်း သံရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

**မေသက်**



**အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ EPS စနစ်ဖြင့် ရောက်ရှိလာသော မြန်မာလုပ်သားများကို ဖေဖော်ဝါရီ ၁၂ ရက်က တွေ့ရစဉ်။**



# ဘားအံနှင့်လှိုင်းဘွဲ့မြို့နယ်ရှိ သမဝါယမအသင်းများ၏ လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**ဘားအံ ဖေဖော်ဝါရီ ၁၂**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေရယူ၍ လုပ်ငန်းများဆောင်ရွက်နေသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ဝဲကရင်ကျေးရွာရှိ ညီနောင်ရင်းသွင်းအားစုသမဝါယမအသင်း၏ ဩဇာမင်းသဘာဝ မြေဩဇာထုတ်လုပ်မှု၊ လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာရှိ ဆီစက်လုပ်ငန်းရှင် သမဝါယမအသင်းများ၏ဆီစက်များသို့ ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အေးပွင့်နှင့် တာဝန်ရှိသူများ သွားရောက်ပြီး အသင်းသားလုပ်ငန်းရှင်များက ဆီထွက်သီးနှံကုန်ကြမ်းများ ဝယ်ယူသိုလှောင်ကြိတ်ခွဲမှု၊ မြေဩဇာကုန်ကြမ်းများ ဝယ်ယူသိုလှောင်၍ သဘာဝမြေဩဇာထုတ်လုပ်မှုများကို ကြည့်ရှုကြကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ယနေ့တွင် ကျရောက်သည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသအသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုခြင်းများ ဆောင်ရွက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို သက်ဆိုင်ရာ တာဝန်ရှိသူများက ဖတ်ကြားကြသည်။

ထို့နောက် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများကို တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ ဌာနဆိုင်ရာအသိပညာပေးပြခန်းများနှင့် ပုဂ္ဂလိကပြခန်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့ပြင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြပြီး တက်ရောက်လာသူများအား တိုင်းရင်းသားရိုးရာ အစားအစာ စတုဒိသာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရှိရသည်။

ညပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတို့၌ ရောင်စုံမီးပန်းအလှများနှင့်ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



တောင်ကြီးမြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။



## ဟားခါးမြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့နိုင်ငံတော်အလံတင် အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကျင်းပ

**ဟားခါး ဖေဖော်ဝါရီ ၁၂**

၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၆ နာရီခွဲက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အလံအား အလံတိုင်ထိပ်သို့ လွှင့်တင်ခဲ့ပြီး ချင်းပြည်နယ်ဝန်ကြီးချုပ် သီရိပျံချီ ဒေါက်တာဝုန်ဆွန်းထန်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မိုးဟိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးနေစိုး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနောက် နံနက် ၇ နာရီတွင် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဂုဏ်ပြုတပ်ဖွဲ့၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်အလံအား အလေးပြုကြပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် သီရိပျံချီ ဒေါက်တာဝုန်ဆွန်းထန်က ဖတ်ကြားသည်။

ထို့နောက် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာအဆင့်စာစီစာကုံး၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနား ဆက်လက်ကျင်းပရာ ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ထားဝယ်မြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနား၊ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကျင်းပ

**ထားဝယ် ဖေဖော်ဝါရီ ၁၂**

(၇၈ )နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနား၊ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာ ဖတ်ကြားခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့နိုင်ငံတော်အလံတင်အခမ်းအနားကို နံနက် ၅ နာရီ မိနစ် ၃၀ တွင် ကျင်းပရာ အလံတင်တပ်စုမှ ဦးဆောင်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းမင်းလတ်က နိုင်ငံတော်အလံကို တိုင်ထိပ်သို့ လွှင့်တင်ပြီး တက်ရောက်လာသော ဧည့်သည်တော်များက နိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် သဝဏ်လွှာ ဖတ်ကြားခြင်း အခမ်းအနားကို နံနက် ၇ နာရီတွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် ကျော်ကျော်ဟန်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အရာရှိစစ်သည်များ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုး မဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**





ဖေဖော်ဝါရီ ၁၁ ရက် ညပိုင်းက ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် မီးလောင်၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး၏ အနီးကပ်ညွှန်ကြားမှုဖြင့် ဒုတိယမီးသတ်ဦးစီးမှူး ဦးမင်းကိုကို ဦးဆောင်သောတပ်ဖွဲ့ဝင်များ အသိပညာပေး ဆော်ဩခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ မောင်မွေး

## နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့ အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ဖေဖော်ဝါရီ ၁၃ ရက်၌ အများအားဖြင့် သာယာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မိုး/ဇလ

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ တတိယနေ့တွင် တစ်ခဲနက်လာရောက်ပါဝင်နွှဲပျော်ကြသည့် ကျောင်းသား၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ MSME လုပ်ငန်းရှင်များနှင့် ပြည်သူများဖြင့် စည်ကားလျက်ရှိ



(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတတိယနေ့တွင် ခင်းကျင်းပြသထားသည့်ပြခန်းများ၌ လာရောက်လေ့လာကြည့်ရှုသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၂** (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ MSME လုပ်ငန်းရှင်များ၊ ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက် လာရောက်လေ့လာ ကြည့်ရှုကြသဖြင့် အထူးစည်ကားများပြားခဲ့သည်။

ယနေ့သည် ပွဲတော်၏တတိယနေ့သို့ ရောက်ရှိလာခဲ့သည့်အပြင် ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကို မောင်နှမများအတွက် စည်းလုံးညီညွတ်မှုအနှစ်သာရများစွာဖြင့် ပြည့်စုံလှသည့် ပြည်ထောင်စုနေ့အခါသမယနှင့် အများပြည်သူရုံးပိတ်ရက် ဖြစ်သည့်အတွက် ယခင်ရက်များနှင့်မတူ ပြည်ထောင်စုနေ့အထိမ်းအမှတ်ကျင်းပသည့် ပွဲတော်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ တဖွဲဖွဲလာရောက်လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများကလည်း မိဘပြည်သူများ အန္တရာယ်ကင်းရှင်းပြီး စိတ်အေးချမ်းသာစွာ ဆင်နွှဲနိုင်ရန်အတွက် ပွဲတော်ဝင်ပေါက်နေရာများတွင် လုံခြုံရေးအရစစ်ဆေးခြင်းများကို စနစ်တကျ ဆောင်ရွက်ပေးကြသည်။

**စိတ်ဝင်စားစွာဖြင့် လာရောက်လေ့လာ**

ယနေ့ပြပွဲ၏ ထူးခြားမှုအနေဖြင့် ပွဲတော်အတွင်းပြသထားသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ရိုးရာအစားအသောက်များ၊ အထင်ကရနေရာပြခန်း၊ ပြကွက်များကို အသိပညာဗဟုသုတရရှိစေရန် လာရောက်လေ့လာကြသည့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများအပြင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME ) များ လုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များ၊ တစ်နိုင်တစ်ပိုင် MSME လုပ်ငန်းများ စတင်လုပ်ဆောင်ကြမည့်လုပ်ငန်းရှင်များ စိတ်ဝင်စားစွာဖြင့် လာရောက်လေ့လာခဲ့ကြသည်ကို တွေ့မြင်ရသည်။

အဆိုပါလုပ်ငန်းရှင်များအား ပြခန်းအလိုက် တာဝန်ရှိသူများက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာများ မျှဝေပေးခြင်း၊ ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ မိမိတို့လုပ်ကိုင်နေသည့် လုပ်ငန်းများအလိုက် လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်စေရန်၊ လုပ်ငန်းများအလိုက် ကြုံတွေ့ရမည့်အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နည်းများကို အသိပညာပေး ဆွေးနွေးမျှဝေပေးကြရာ MSME လုပ်ငန်းရှင်များအတွက် ဆန်းသစ်သော ပြည်တွင်း၊ ပြည်ပို့ ထုတ်ကုန်များ ထုတ်လုပ်လာနိုင်မည့်အပြင် ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာနိုင်တော့မည်လည်း ဖြစ်သည်။

အလားတူ နိုင်ငံတော်တွင် လိုအပ်နေသည့် MSME ကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်များစွာ မွေးထုတ်ပေးနိုင်ရန်နှင့် ကျေးလက်နေလူငယ်များ စက်မှုနှင့်သက်မွေးပညာကို အခြေခံသင်ကြားတတ်မြောက်ပြီး အလုပ်အကိုင်အခွင့်အလမ်းရှာဖွေသည့်အချိန်တွင် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ စက်မှုနှင့်သက်မွေးပညာ ရွှေ့လျားသင်တန်းကျောင်းပြခန်း ဖွင့်လှစ်ပြသပေးလျက်ရှိရာ စက်မှုနှင့်သက်မွေးပညာရပ်ကို စိတ်ဝင်စားကြသည့် လူငယ်များစွာ လာရောက်လေ့လာကြပြီး တာဝန်ရှိသူများက သင်တန်းကျောင်းတွင် သင်ကြားပေးလျက်ရှိသည့် အခြေခံလျှပ်စစ်ပညာသင်တန်း၊ အခြေခံစက်ပြင်သင်တန်း၊ အခြေခံဂဟေဆက်သင်တန်းနှင့် အခြေခံမော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းအကြောင်းအရာများကို အသေးစိတ်ရှင်းလင်းပြောကြားပေးခဲ့ကြသည်။

**စည်ကားလျက်ရှိ**

ထို့ပြင် ပွဲတော်သို့လာရောက်ကြသည့် ပြည်သူများကို သက်ဆိုင်ရာတိုင်းရင်းသားရိုးရာပြခန်းများအလိုက် ခင်းကျင်းပြသရောင်းချပေးနေကြသည့် တိုင်းရင်းသားအဖွဲ့များက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အထင်ကရနေရာများ၊ ဒေသတွင်းလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့် ဒေသအလိုက် ရိုးရာအစားအစာများ၊ MSME ထုတ်ကုန်များအကြောင်းကို နွေးထွေးပျူငှာစွာ ရှင်းလင်းပြသပေးကြရာ ကျောင်းသား၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြပြီး တိုင်းရင်းသားအဖွဲ့များဖြင့် ဂုဏ်ယူစွာ အမှတ်တရဓာတ်ပုံရိုက်ကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါ ပြခန်းများ၌လည်း အထူးပျော်ရွှင်စရာအစီအစဉ်အနေဖြင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက သက်ဆိုင်ရာရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ပေါ်လွင်စေသည့်သီချင်းများနှင့် မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို တက်ကြွစေမည့်သီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြရာ ပွဲတော်လာပြည်သူများကလည်း တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ပျော်ရွှင်စွာ သီဆိုကခုန် ပါဝင်ဆင်နွှဲကြသည့်မြင်ကွင်းသည်လည်း တောင်ပေါ်မြေပြန့်မခွဲခြားဘဲ စည်းလုံးသည့်သွေးချင်းညီအစ်ကိုစိတ်ထားကို အထူးပေါ်လွင်စေခဲ့သည်။

အလားတူ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ထွက်ရှိသည့် MSME ထုတ်ကုန်များနှင့် တိုင်းရင်းသားရိုးရာအမှတ်တရပစ္စည်းများ၊ ရိုးရာဝတ်စုံများကို ပြည်သူများ စိတ်ကြိုက်ဝယ်ယူနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ချစ်ခင်နှစ်သက်မြတ်နိုးစွာဖြင့် ဝယ်ယူကြသည့်အပြင် သန့်ရှင်းလတ်ဆတ်စွာဖြင့် ရောင်းချပေးလျက်ရှိသည့် တိုင်းရင်းသားရိုးရာ အစားအသောက်များကိုလည်း နှစ်ခြိုက်စွာ ဝယ်ယူစားသုံးကြသည့်အတွက် ပစ္စည်းများပြတ်လပ်သည်အထိ ရောင်းချခဲ့ရကြောင်း သိရသည်။

**ပြည်သူများတစ်ခဲနက်ပါဝင်ဆင်နွှဲ**

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တိုင်းကျိုးပြည်ပြုတေးသီချင်းများ၊ ခေတ်ပေါ် တေးသီချင်းများ၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်တက်ကြွစေမည့် တေးသီချင်းများဖြင့် လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယိမ်းအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများ ပေါင်းစပ်၍လည်းကောင်း မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာ ပြည်သူများပျော်ရွှင်စွာဖြင့် တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင် ရောင်းချပွဲသို့ လာရောက်လေ့လာကြည့်ရှု ဝယ်ယူကြသည့် အများပြည်သူများ အန္တရာယ်တစ်စုံတစ်ရာမဖြစ်ပေါ်စေရန်အတွက် တာဝန်ရှိသူများက စနစ်တကျ လုံခြုံရေးစစ်ဆေးဆောင်ရွက်ပေးခြင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကလည်း ယာဉ်အန္တ ရာယ်ကင်းရှင်းစွာသွားလာနိုင်ရန်အတွက် ပွဲတော်သို့လာသည့် လမ်းများ၌ ကြီးကြပ်ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးဆေးပေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့ရှိရသည်။

အဆိုပါပြပွဲနှင့် ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက် အထိ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသား ရိုးရာအစားအစာရောင်းချသည့်ဆိုင်ခန်းများ၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ပြသ ရောင်းချပေးလျက်ရှိရာ မိဘပြည်သူများ လာရောက်အားပေးလေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်း-အောင်ရဲသွင်၊ အေးအေးသန့်**
**ဓာတ်ပုံ - ဖိုးပြည့်စုံ**



(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ တတိယနေ့တွင် လာရောက်ကြသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

# လာမယ့်နှစ်တွေမှာ ကျင်းပမယ့် ပြပွဲ ပြိုင်ပွဲတွေမှာလည်း အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်နေတဲ့ လုပ်ငန်းရှင်တွေအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ပြသကြဖို့ တိုက်တွန်းလိုပါတယ်

ကိုစိုးမြင့်မြတ်နိုင် (စစ်ကိုင်းတိုင်းဒေသကြီး)

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဆက်လက်ကျင်းပလျက်ရှိသည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် ထုတ်ကုန်ပြခန်းအလိုက် ရိုးရာယဉ်ကျေးမှုဆိုင်ရာဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ ဒေသ၏ အထင်ကရ နေရာများ၊ ဒေသတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ၊ ဒေသအလိုက် ရိုးရာအစားအစာများနှင့် MSME ထုတ်ကုန်များကို ခင်းကျင်းပြသရောင်းချလျက်ရှိရာ MSME လုပ်ငန်းရှင်များနှင့် လာရောက်လေ့လာကြသူများ၏ စကားသံများကို စုစည်းဖော်ပြအပ်ပါသည်-


ဦးချမ်းစိန်


ဒေါ်သိန်းသိန်း


ဒေါ်မတင်သိန်း


ကိုစိုးမြင့်မြတ်နိုင်


မအေးဖြူခင်


မကြူသဇင်ထွန်း

**ဦးချမ်းစိန်(ကရင်ပြည်နယ်ပြခန်း)**
**ဩဇာမင်းသဘာဝဇီဝမြေဩဇာလုပ်ငန်း**

ကျွန်တော်တို့ ဩဇာမင်းသဘာဝမြေဩဇာထုတ်လုပ်ရေးလုပ်ငန်းအနေနဲ့ လုပ်ငန်းသက်တမ်း ငါးနှစ်လောက်တော့ရှိပါပြီ။ ကျွန်တော်တို့မြေဩဇာကို ဒေသထွက် ပဲမှော်၊ စပါးခွံ အစရှိတဲ့စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းကုန်ကြမ်း ၁၂ မျိုးနဲ့ ထုတ်လုပ်ထားပါတယ်။ အဓိကကတော့ မြေဆီလွှာပြန်လည်ပြုပြင်တဲ့နေရာမှာ သုံးနိုင်ပါတယ်။ သီးနှံအနေနဲ့ စပါး၊ ရော်ဘာ၊ ဒူးရင်း၊ ဟင်းသီးဟင်းရွက်အစုံသုံးစွဲလို့ အဆင်ပြေပါတယ်။ အဓိက ဖြန့်ဖြူးနေတာကတော့ မွန်၊ ကရင်၊ တနင်္သာရီဒေသတွေပါ။ အခု ၂၀၂၅ ခုနှစ် အစမှာတော့ ရှမ်းပြည်နယ် အောင်ပန်းမြို့နယ်ဘက်အထိ ဈေးကွက်ချဲ့ထွင်လာနိုင်ခဲ့ပါပြီ။ ပျားသံပရာနဲ့ ငရုတ်သီးနှံတွေမှာ အသုံးပြုမှာပါ။ စက်ရုံအနေနဲ့ တစ်နှစ်ထက် တစ်နှစ်လည်း ပိုမိုထုတ်လုပ်လာနိုင်ပါပြီ။ နောက်တစ်ခုက ပြည်နယ်မှာကျင်းပတဲ့ ထုတ်ကုန်ပြိုင်ပွဲတွေ၊ မဲခေါင်-လန်ချန်း ထုတ်ကုန်ပြပွဲတွေ၊ အခုလိုပြပွဲပြိုင်ပွဲတွေကနေ တစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဈေးကွက်ချိတ်ဆက်မှုတွေရှိလာပါပြီ။ ဒီလုပ်ငန်းကို ၂၀၁၉ ခုနှစ်က လုပ်ငန်းစလုပ်ကတည်းက ပိုက်ဆံရှိလို့မဟုတ်ဘဲနဲ့ မြေဩဇာဈေးကြီးတယ်၊ ဒါကြောင့် ဒေသထွက်ကုန်ကြမ်းတွေနဲ့ သဘာဝမြေဩဇာထုတ်မယ်ဆိုပြီး မွန်လုပ်ငန်းရှင် သုံးဦးနဲ့ ကရင်လုပ်ငန်းရှင်နှစ်ဦးပေါင်းစပ်မှုနဲ့ တောင်သူတွေအကျိုးအတွက် ဖြစ်အောင် စလုပ်ခဲ့တာပါ။ စက်ရုံကနေ တစ်လကို အလုံး ပုံစံနဲ့ အိတ် ၁၀၀၀၊ အမှုန့်ပုံစံနဲ့ အိတ် ၃၀၀၀ လောက် ထုတ်နိုင်ပါတယ်။ ဈေးကိုလည်း အခြားသောမြေဩဇာထက်မများဘဲ တောင်သူတွေ လက်ခံနိုင်တဲ့ဈေးနဲ့ရောင်းတာပါ။ ပြည်တွင်းမှာ ကုန်ကြမ်းရဖို့ မခက်ခဲပါဘူး။ ၂၀၁၉ ခုနှစ်က ဘားအံမြို့နယ်မှာ တစ်ရုံ၊ ၂၀၂၂ ခုနှစ်မှာ ထားဝယ်မှာ တစ်ရုံ၊ တတိယ ဘားအံမြို့နယ် မွေးမြူရေးဇုန်မှာတစ်ရုံကို ပြည်နယ်အစိုးရအဖွဲ့နဲ့ ပြည်နယ်ရော်ဘာအသင်းတို့ရဲ့ အားပေးမှုနဲ့အတူ ဆက်လက်အကောင်အထည်ဖော်နိုင်လာတာပါ။ အခုလက်ရှိမှာတော့ ကျောက်ပန်းတောင်းဘက်မှာ တစ်ရုံဆောက်ဖို့ ကမ်းလှမ်းထားပါတယ်။

**ဒေါ်သိန်းသိန်း(ရှမ်းပြည်နယ်ပြခန်း)**
**ရွှင့်ချန်းလုံကုမ္ပဏီ၊ လက်ဖက်ခြောက်လုပ်ငန်း**

ကျွန်မတို့ကတော့ ဒီ MSME ပြပွဲမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ကိုယ်စားပြုနဲ့ လက်ဖက်ခြောက်ထုတ်ကုန်တွေကို လာရောက်ပြသရောင်းချပေးတာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)ကိုယ်စားပြုအနေနဲ့ ကျွန်မတို့ Mother’s Love တစ်ဆိုင်ပဲပါတာပါ။ ရှမ်းပြည်နယ်မှာကုန်ကြမ်းအနေနဲ့ လက်ဖက်ခြံဧက ၃၀၀ ကျော်ကို စိုက်ပျိုးထားပြီးတော့ ကုန်ချောအဆင့်ဖြစ်တဲ့အထိ ကိုယ်တိုင်ထုတ်လုပ်ရောင်းချပေးတာဖြစ်ပါတယ်။ လုပ်ငန်းစတင်တာကတော့ ၂၀၀၇ ခုနှစ်လောက်ကတည်းက စတင်ထုတ်လုပ်လာခဲ့တာပါ။ ထုတ်ကုန်တွေ အားလုံးကတော့ တရုတ်နည်းပညာကို အခြေခံပြီးတော့ ထုတ်လုပ်ပါတယ်။ အခုလက်ရှိမှာ ကျွန်မတို့ ထုတ်ကုန်တွေကို ပြည်ပဈေးကွက်အနေနဲ့ ရုရှားနိုင်ငံပို့ဖို့ စီစဉ်နေပါတယ်။ ပြည်တွင်းဈေးကွက်အနေနဲ့က နေပြည်တော်၊ ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ တနင်္သာရီတိုင်း၊ ရှမ်းပြည်နယ် စတဲ့မြန်မာတစ်နိုင်ငံလုံး နေရာတော်တော်များများမှာ ရန်ကုန်သလို စီးတီးမတ်စတိုးဆိုင်တွေ အားလုံးမှာလည်း တင်ထားပါတယ်။ လက်ဖက်ကို အခြေခံပြီးတော့ထုတ်ထားတဲ့ ထုတ်ကုန်အမျိုးအစားတော်တော်များများ စုံပါတယ်။ လက်ဖက်ခြောက်မှာဆိုရင် လှော်နံ့သင်းသင်းနဲ့ အဖန်အခါးပေါ့တာ၊ လှော်နံ့သင်းပြီး အဖန်ခတ်နဲ့ အချိုခတ်ရတာရှိတယ်၊ အခါးခတ်ပြင်းပြီးတော့ လက်ဖက်စိုအနံ့ရ လက်ဖက်ခြောက်ထုတ်ကုန်တွေပါပါတယ်။ ဒါ့အပြင် ကောက်ညှင်းမွှေးရှိတယ်၊ စံပယ်နဲ့ရှိတယ်။ စံပယ်နဲ့ကိုလည်း သဘာဝစံပယ်ပန်းကို ထည့်ထားပါတယ်။ သွေးတိုးကျတဲ့ ဆေးလက်ဖက်ခြောက်လည်း ပါပါတယ်။ ခြံထွက်မှန်သမျှ ဆိုးဆေးမပါဘူး၊ ၂၄ နာရီအတွင်း ကုန်ချောဖြစ်အောင် ထုတ်လုပ်ထားပါတယ်။

**ဒေါ်မတင်သိန်း(ရခိုင်ပြည်နယ်ပြခန်း)**
**ဝါဘိုသူ ရခိုင်လုံချည် ထိန်းသိမ်းရောင်းဝယ်ရေး**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်အရောင်းပြပွဲနဲ့ ပြိုင်ပွဲမှာ ရခိုင်ပိုးထည်တွေကို လာရောက်ပြသရောင်းချပေးတာဖြစ်ပါတယ်။ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ဝါဘိုကျေးရွာမှာ အခြေစိုက်ပြီး ရခိုင်ပိုးထည်တွေကို ဘိုးဘွားလက်ထက်ကတည်းက လက်ဆင့်ကမ်းထိန်းသိမ်းရင်း အခု ကျွန်မလက်ထက်မှာ ရက်ကန်းရုံတွေကို ရက်ကန်းရုံ ၃၀၀ကျော်နဲ့ ရခိုင်ရိုးရာအထည်အမျိုးမျိုးကို အဆင့်မြှင့်တင်ထိန်းသိမ်းထုတ်လုပ်နေတာဖြစ်ပါတယ်။ အဓိကထုတ်လုပ်နေတဲ့အထည်တွေက ပွဲထိုင်အထည်တွေဖြစ်တဲ့ ပိုးထည်တွေကိုပဲ ထုတ်လုပ်ပါတယ်။ အခုလက်ရှိအထိတော့ လက်ရက်ကန်းကိုပဲ အားထားနေရပါသေးတယ်။ စက်ရက်ကန်းတွေနဲ့ ပြောင်းလဲထုတ်လုပ်ဖို့ လုပ်တဲ့အချိန်မှာ မိုခါမုန်တိုင်းဝင်တဲ့အတွက် အစီအစဉ်တွေက ပျက်ကုန်ပါတယ်။ အခု စက်ရက်ကန်းတွေကို လက်ရက်ကန်းတွေနေရာမှာ အစားထိုးဖို့ ထပ်ပြီးစီစဉ်နေပါတယ်။ ရခိုင်အထည်တွေကို အခုလို ပြည်ထောင်စုအဆင့် ပြပွဲမှာ ပြသရောင်းချခွင့်ရတဲ့အတွက် မန္တလေးက အထည်အရောင်းဆိုင်တွေရဲ့ အမှာစာတွေပါ ရရှိခဲ့ပါတယ်။ လာမယ့်ပြပွဲတွေမှာလည်း အခုလိုပဲ လာရောက်ပြသချင်ပါတယ်။ ဒီလို ပွဲကြီးတွေ စီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲကိုလည်း ကျေးဇူးအများကြီးတင်ရှိပါတယ်။

**ကိုစိုးမြင့်မြတ်နိုင်(စစ်ကိုင်းတိုင်းဒေသကြီးပြခန်း)**
**ဖြိုးဖြိုးကျော် ခေါင်းအုံး၊ ဖက်လုံး၊ မွေ့ရာလုပ်ငန်း**

ကျွန်တော်ကတော့ ဖြိုးဖြိုးကျော် ခေါင်းအုံး၊ ဖက်လုံး၊ မွေ့ရာလုပ်ငန်းနဲ့ ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ထားပါတယ်။ ကျွန်တော်တို့ထုတ်ကုန်က ပြည်တွင်းကုန်ကြမ်းဖြစ်တဲ့ ဝါဂွမ်းကို အဓိကထားပြီး အသုံးပြုထားပါတယ်။ ရန်ကုန်အထည်ချုပ်စက်ရုံတွေကနေ စွန့်ပစ်တဲ့ဖြတ်စ ညှပ်စတွေကိုလည်း အသုံးပြုပါတယ်။ အရင်က ကျွန်တော့် စီးပွားရေးဈေးကွက်က စစ်ကိုင်းမြို့လောက်မှာပဲ ရှိပါတယ်။ အခု ဒီပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်ပြသခွင့်ရတဲ့အတွက် ဒီနေ့ဆိုရင် ရန်ကုန်နဲ့ နေပြည်တော်က ကုန်တိုက်ကြီးနှစ်တိုက်က ဖြိုးဖြိုးကျော် ထုတ်ကုန်တွေကို မှာယူတဲ့ စာချုပ်ကို ချုပ်နိုင်ခဲ့ပါတယ်။ နောက်ထပ်လည်း စာချုပ်ဖို့တွေ ရှိပါတယ်။ ဒီပြပွဲကြီးကို မလာခင်က စီးပွားရေးဈေးကွက်ချဲ့ထွင်ပြီး ဈေးနှုန်းသက်သက်သာသာနဲ့ ပြည်သူတွေ ဝယ်ယူအသုံးပြုနိုင်အောင်စီမံဖို့ တော်တော်လေးခက်ခဲခဲ့ပါတယ်။ ကျွန်တော့်အတွက် ပထမဆုံး ပြိုင်ပွဲရဲ့ အကျိုးရလဒ်က အများကြီးရှိပါတယ်။ လာမယ့်နှစ်တွေမှာ ကျင်းပမယ့် ပြပွဲ ပြိုင်ပွဲတွေမှာလည်း အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်နေတဲ့ လုပ်ငန်းရှင်တွေအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ပြသကြဖို့ တိုက်တွန်းလိုပါတယ်။ ပြပွဲ နှစ်ရက်အတွင်းမှာ ကျွန်တော့်ထုတ်ကုန်ပစ္စည်းတွေကကုန်သလောက်ရှိသွားပါပြီ။ ထပ်မံမှာယူဖို့လည်း စီစဉ်ထားပါတယ်။ အခုလို ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲကြီးကို စီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကိုလည်း အများကြီးကျေးဇူးတင်ပါတယ်။

**မအေးဖြူခင်**
**မဟာအရည်အချင်းစစ်(သင်္ချာ)ကျောင်းသူ**
**Naypyitaw State Academy**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲအပြီးမှာ အားလပ်ချိန်ရလို့ MSME ပြပွဲမှာ ပြခန်းကို လာရောက်လေ့လာတာပါ။ ဒီမှာပြခန်းတွေ တော်တော်စုံတယ်။ အဓိကကတော့ အဝတ်အစားနဲ့ပတ်သက်တဲ့ပြခန်းတွေ၊ ချင်းရိုးရာအဝတ်အထည်တွေ၊ လည်ဆွဲတွေ၊ သစ်မြစ်သစ်ဖုတွေကနေလုပ်တဲ့ အလှကုန်တွေ၊ နှုတ်ခမ်းနီတွေကို စိတ်ဝင်စားပါတယ်။ ကျွန်မ စိတ်အဝင်စားဆုံးကတော့ အစားအသောက်ပြခန်းတွေပါ၊ လူတစ်ယောက်ဖြစ်လာပြီဆိုလို့ရှိရင် စားဝတ်နေရေးအတွက် ရှင်သန်ရတယ်။ အဓိက အစားအသောက်၊ ပြီးရင်အဝတ်အထည်၊ ဒါကြောင့်မို့ ကျွန်မ စီးပွားရေးလုပ်မယ်ဆိုရင် အစားအသောက်နဲ့ပတ်သက်တဲ့ထုတ်ကုန်တွေ ထုတ်ချင်ပါတယ်။

**မကြူသဇင်ထွန်း**
**ဒုတိယနှစ်(ဥပဒေ)ကျောင်းသူ**
**Naypyitaw State Academy**

ကျွန်မတို့ သူငယ်ချင်းတွေနဲ့အတူ ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ဈေးရောင်းပြခန်းကိုလာပြီး လေ့လာတာပါ။ ဒီမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်ပေါင်းစုံက ပြခန်းတွေတော်တော်စုံတယ်။ ကချင်၊ ကယား၊ ကရင်၊ ချင်း စတဲ့တိုင်းရင်းသားပြည်နယ်တွေက ပြခန်းတွေကိုလည်း တစ်ခုချင်းစီဝင်ကြည့်ဖြစ်တယ်။ ကျွန်မစိတ်ဝင်စားတာက ဝါးလက်မှုထုတ်ကုန်တွေ၊ ဝါဂွမ်းနဲ့လုပ်တဲ့ ချည်ထည်တွေ၊ ချင်းရိုးရာ ပုတီးလေးတွေ၊ ရိုးရာဂျပ်ခုတ်ထည်တွေ၊ ရက်ကန်းရက်လုပ်နေတာတွေကို စိတ်ဝင်စားတယ်။ ဒီ ပဲခူးတိုင်းဒေသကြီးပြခန်းမှာဆိုရင် ချဉ်ပေါင်ဖူးခြောက်ထုတ်ကုန်တွေကို စိတ်ဝင်စားတယ်။ အခုလိုမျိုး စီးပွားရေးလုပ်ငန်းတွေကို လေ့လာခဲ့တဲ့အချိန်မှာ အများစုက အလှအပထုတ်ကုန်တွေနဲ့ နေ့စဉ်လိုအပ်ချက်ဖြစ်တဲ့ အစားအစာထုတ်ကုန်တွေ ဖြစ်တာတွေ့ရတယ်။ ကျွန်မကိုယ်တိုင် စီးပွားရေးလုပ်ဖြစ်မယ်ဆိုရင် အလှအပကို စိတ်ဝင်စားတဲ့အတွက်ကြောင့် Skin care ထုတ်ကုန်ပစ္စည်းတွေ ထုတ်လုပ်ချင်ပါတယ်။

**တွေ့ဆုံမေးမြန်း- ဇင်ဦး၊ ဟိန်းထက်ဇော်**
**ဓာတ်ပုံ- ဇော်ဘီ**

# ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်ခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း၌ကျင်းပ




**မန္တလေး ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော် အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း ဥပစာရှေ့၌ ကျင်းပသည်။

ဦးစွာ နံနက် ၅နာရီ မိနစ် ၃၀ တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့နိုင်ငံတော် အလံတင်အခမ်းအနားကိုကျင်းပရာ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုး၊ စစ်တီးဝိုင်းတပ်စု၊ အလံတင်တပ်စုတို့သည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား စင်မြင့်ထိပ်ရှိ အလံတိုင်ထိပ်သို့ လွှင့်တင်ပြီး အလေးပြုကြသည်။

ဆက်လက်၍ နံနက် ၇ နာရီတွင် (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို မန္တလာသီရိအားကစားကွင်း ဥပစာရှေ့၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့်ဇနီး၊ စစ်ဘက်ဆိုင်ရာ အရာရှိကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံ ကောင်စစ် ဝန်ချုပ်ရုံးများမှ ကောင်စစ်ဝန်ချုပ်များ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ အခြေခံပညာကျောင်း / ကိုယ်ပိုင်ကျောင်းများမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုအသင်း အဖွဲ့အစည်းများ၊ မန္တလေးမြို့အခြေစိုက် တိုင်းရင်းသားလူမျိုးစုများနှင့် ပြည်သူများ တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်စစ်ဘက်ဆိုင်ရာအရာရှိကြီးများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ဂုဏ်ပြုတပ်ဖွဲ့၊ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ပြည်သူများနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယနေ့ပြုလုပ်သည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား၌ ပြည်ထောင်စုတိုင်းရင်းသားများက စတုဒိသာများဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးအောင်သောင်းထိုက်နှင့် အစိုးရအဖွဲ့တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြပြီး နံနက် ၅ နာရီခွဲတွင် အလံတင် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ နိုင်ငံတော်အလံအား အလံတိုင်ထိပ်သို့ လွှင့်တင်၍ အလေးပြုခဲ့ကြသည်။

ထို့နောက် နံနက် ၇ နာရီတွင် သဝဏ်လွှာဖတ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာများနှင့် တိုင်းရင်းသားများ တက်ရောက်ကြပြီး နိုင်ငံတော်အလံနှင့်ကျဆုံးလေပြီးသော ရဲဘော်အပေါင်းအား ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလေးပြုကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ လာရောက်လေ့လာ ကြည့်ရှုကြသူများဖြင့် စည်ကား

**မန္တလေး ဖေဖော်ဝါရီ ၁၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ကျင်းပသည့် (၂၁) ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစတင်၍ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၈ လမ်းနှင့် သိပ္ပံလမ်းထောင့်ရှိ ဆင်ဖြူကန်ကွင်း၌ ကျင်းပရာ လာရောက်လေ့လာကြည့်ရှုကြသည့် အများပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လည်းကောင်း၊ မြို့တော်စိမ်းလန်းစိုပြည် သာယာလှပရေးလုပ်ငန်းများအတွက် ပြည်သူလူထုစိတ်ပါဝင်စားလာစေရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်၊ အိမ်တိုင်းအိမ်တိုင်း စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ခြင်းဖြင့် မန္တလေးမြို့တော်အား ဥယျာဉ်မြို့တော်အဖြစ် တည်ဆောက်ထိန်းသိမ်းရာ၌ အထောက်အကူဖြစ်လာစေရန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် အဆင့်မြင့်စိုက်ပျိုးနည်းပညာများဖလှယ်နိုင်စေရန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်မျိုးကောင်းမျိုးသန့်များ ပြန့်ပွားလာစေရန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်မျိုးကောင်းများကို အိမ်တိုင်းအိမ်တိုင်းတစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းမှသည် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် စသည့်ရည်ရွယ်ချက်များဖြင့် လည်းကောင်း နှစ်စဉ်နှစ်တိုင်းကျင်းပခြင်းဖြစ်သည်။

အဆိုပါပြပွဲနှင့်ပြိုင်ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက "ဒီပွဲတော်မှာ ပြိုင်ပွဲအမျိုးအစား ၂၃ မျိုး ထည့်သွင်းထားပါတယ်။ ဒီပြိုင်ပွဲတွေကို တိုင်းဒေသကြီးနဲ့ပြည်နယ်ကိုယ်စားပြုအဖွဲ့များက စိတ်ဝင်တစား လာရောက်လေ့လာယှဉ်ပြိုင်ကြပါတယ်။ ဒီနှစ်မှာ အိမ်နောက်ဖေးဈေးဆိုင်တည်ဆိုတဲ့ပြကွက်မှာ အိမ်မှာနေ့စဉ်သုံးတဲ့ အသီးအနှံတွေကို တကယ့်စိုက်ခင်းကြီးသဖွယ် ဖန်တီးပြီး ထူးခြားစွာ ပြသပေးထားပါတယ်။ ပြိုင်ပွဲမှာ ဆုအမျိုးအစားတွေကိုလည်း သတ်မှတ်ထားတဲ့စည်းမျဉ်းစည်းကမ်းနဲ့အညီ ချီးမြှင့်သွားမှာဖြစ်ပါတယ်။ အရင်နှစ်တွေက ပွဲတော်ကို နှစ်ရက် သုံးရက်ပဲ ကျင်းပတာဖြစ်ပါတယ်။ ဒီနှစ်မှာတော့ လေးရက် သတ်မှတ်ပြီး မနက် ၆ နာရီကနေ ညနေ ၆ နာရီအထိ ကျင်းပပါတယ်။ နေ့ရက်အလိုက်လည်း ဖျော်ဖြေရေးအစီအစဉ်တွေလည်း ထည့်သွင်းထားပါတယ်။ ကျောင်းသားကျောင်းသူတွေလည်း လာရောက်လေ့လာနိုင်အောင် နေ့ရက်အလိုက် ဖိတ်ကြားဖို့ စီစဉ်ပေးထားပါတယ်။ ဒါကြောင့် ရည်ရွယ်ချက်ကောင်းတွေနဲ့ ကျင်းပတဲ့ ပွဲတော်ကြီးကို လာရောက်လေ့လာကြစေလိုပါတယ်"ဟု ပြောသည်။

အလားတူ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြိုင်ပွဲတွင်လည်း ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများကို ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်သည့်အတွက် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဝင်များလည်း များပြားခဲ့သည်။



ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြင်ဦးလွင်မြို့နယ် မြတ်ပုဏ္ဏမီသစ်ခွခြံမှ ဒေါ်စိမ်းမြတ်မွန်က "ကျွန်မအနေနဲ့ ဒီနှစ်မှာ ပြိုင်ပွဲအမျိုးအစား ၁၄ မျိုးကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး တံခွန်စိုက်ဆုရရှိခဲ့ပါတယ်။ ပြိုင်ပွဲကို အရင်နှစ်တွေကလည်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး တံခွန်စိုက်ဆုတွေလည်း ရရှိခဲ့ပါတယ်။ တစ်သက်လုံး ပျော်ချင်ရင် သစ်ပင်စိုက်ဆိုတဲ့ စကားပုံအတိုင်းပဲ အပင်လေးတွေစိုက်ရင် စိတ်ချမ်းသာမှုကို ရရှိစေပါတယ်။ ဒါကြောင့် ပွဲတော်ကိုစီစဉ်ပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပါတယ်" ဟု ပြောသည်။

အဆိုပါပြပွဲသို့ မွန်ပြည်နယ်မှ လာရောက်လေ့လာသူတစ်ဦးကလည်း "ဒီပြပွဲ၊ ပြိုင်ပွဲကို သူငယ်ချင်းတွေနဲ့ လာရောက်လေ့လာတာဖြစ်ပါတယ်။ ပြပွဲမှာ ပြသထားတဲ့ သစ်ပင်ပန်းမန်တွေက အလွန်ကိုလှပပြီး ကြည့်လိုက်တာနဲ့ စိတ်ချမ်းမြေ့စရာကောင်းလှပါတယ်။ သူငယ်ချင်းတွေနဲ့အတူ ဓာတ်ပုံရိုက်ရတာလည်း ပျော်စရာကောင်းပါတယ်။ ဒီလိုပွဲတွေ လုပ်ပေးတာဟာ အလွန်ကို ရည်ရွယ်ချက်ကောင်းလှပါတယ်" ဟု ပြောသည်။

အဆိုပါ ပြပွဲ၊ ပြိုင်ပွဲများကျင်းပနေစဉ်အတွင်း တေးဂီတအဖွဲ့များ၏ တီးခတ်သီဆိုဖျော်ဖြေရေး အစီအစဉ်များအပြင် ပြည်သူများ စိတ်လက်ပျော်ပါးစေမည့် အခြားအစီအစဉ်ကောင်းများလည်း ထည့်သွင်းထားသည့်အတွက် မည်သူမဆို ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၅ ရက်အထိ လွတ်လပ်စွာလာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

**မောင်အေးချမ်း**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၀ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်တွင်းကြီးမြို့နယ် အိုးပေါက်ကျေးရွာအနီး၌ တရားမဝင် အခြားသစ် ၂ ဒသမ ၀၀၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ မကွေးမြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Hilux Tiger မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းလှမြို့နယ် ကညင်ကြီးကျေးရွာနှင့် မလွန်စမ်းကျေးရွာကြား၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများ သယ်ဆောင်လာသည့် Loncin-125 မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းများဆိုင်ရာဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၄၅၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ် ဆိပ်ဖူးကျေးရွာ၌ လိုင်စင်မဲ့ Forland Truck မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ချမ်းမြသာစည်မြို့နယ် ဦးပွား ခုံးကျော်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)ကို လည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၃၂၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၆၁၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေပြည်သာမြို့နယ် လှော်ကားရဲစခန်းအနီး၌ လိုင်စင်မဲ့ Toyota Estima မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၇၀၀၀၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၂ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၆၃၇၅၀၀၀၀)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ သာမည မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၅၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၉၇၀၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၄၅၆၂၀၀၀ ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တုံးဗျောကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(တုံးဗျောကြီး)မှ ကျောင်းသားများ လိုက်ပါလာသည့် မော်တော်ယာဉ်အား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် ကျောင်းသားများ ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများနေထိုင်ရာ မြို့၊ ကျေးရွာများ၊ စာသင်ကျောင်းများအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ လမ်းမကြီးများပေါ်၌ မောင်းနှင်သွားလာနေသည့် မော်တော်ယာဉ်များအား မိုင်းဆွဲတိုက်ခိုက်ခြင်း၊ လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်မှုလုပ်ရပ်များအား လုပ်ဆောင်လျက်ရှိသည့်အပြင် အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများကို နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း စသည်ဖြင့်အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၁၂ နာရီခန့်တွင် မြိတ်မြို့ တုံးဗျောကြီးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း (တုံးဗျောကြီး)မှ မူလတန်းပြဆရာ တစ်ဦးနှင့် ကျောင်းသားခြောက်ဦးတို့သည် စာမေးပွဲများ ဖြေဆိုရန်အတွက် လိုအပ်သည့် စာသင်ခုံများသယ်ယူရန် တောင်ဖီလာကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(တောင်ဖီလာ)သို့ မော်တော်ယာဉ်တစ်စီးဖြင့် ထွက်ခွာလာစဉ် တုံးဗျောကြီးကျေးရွာ၏ သုံးမိုင်ခန့်အကွာ တောင်ပုကျေးရွာအနီးသို့အရောက်၌ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ကျောင်းသားများအနက် မောင်ထက်ရဲကိုနှင့် မောင်ထက်ရဲလင်းတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါဖြစ်စဉ် ဖြစ်ပွားသည့်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည့် ကျောင်းသားနှစ်ဦးအား မြိတ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိပြီး မိုင်းထောင်ဖောက်ခွဲခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ရေး ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲမှုကြောင့် မိုင်းစထိမှန်ခဲ့သည့် မော်တော်ယာဉ်အား တွေ့ရစဉ်။

မြိတ်မြို့နယ် တုံးဗျောကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(တုံးဗျောကြီး) မှ မူလတန်းပြဆရာနှင့် ကျောင်းသားခြောက်ဦးလိုက်ပါလာသည့် မော်တော်ယာဉ်အား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။







မြိတ်မြို့နယ် တုံးဗျောကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(တုံးဗျောကြီး)မှ မူလတန်းပြဆရာနှင့် ကျောင်းသားခြောက်ဦး လိုက်ပါလာသည့် မော်တော်ယာဉ်အား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် ကျောင်းသားနှစ်ဦး မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# ဂျော်ဒန်ဘုရင်အဗ္ဗဒူလာနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ အိမ်ဖြူတော်၌ ဂါဇာအရေး တွေ့ဆုံဆွေးနွေး

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဂျော်ဒန်ဘုရင်အဗ္ဗဒူလာနှင့် ဖေဖော်ဝါရီ ၁၁ ရက်က အိမ်ဖြူတော်၌ တွေ့ဆုံခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသကို အမေရိကန်က လွှဲယူပြီး ပါလက်စတိုင်းများကို အခြားသောနေရာများတွင် ပြန်လည်နေရာချထားသင့်သည်ဟူသော ထရမ့်၏မှတ်ချက် ထွက်ပေါ်လာပြီးနောက် ယခုလို တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ထရမ့်က ဂါဇာကမ်းမြောင်ဒေသ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဂါဇာကမ်းမြောင်ဒေသကို အမေရိကန်က ရေရှည်ပိုင်ဆိုင်ခွင့်ဆိုင်ရာမှတ်ချက်ကို ထပ်မံပြောကြားခဲ့သည်။

**အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်မည်**

အရှေ့အလယ်ပိုင်းရှိ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်မည်ဟု ထရမ့်က ဆက်ပြောသည်။

အခြားနေရာများတွင် ပါလက်စတိုင်းများအား ပြန်လည်နေရာချထားမည့် အစီအစဉ်ကို ဂျော်ဒန်အရာရှိများက ငြင်းဆိုခဲ့ပြီး ဂျော်ဒန်ဘုရင်ကလည်း အဆိုပါရပ်တည်ချက်ကို ထပ်လောင်းအတည်ပြုခဲ့သည်။

**ကလေးငယ် ၂၀၀၀ အား ရွှေ့ပြောင်းပေးရန် ဂျော်ဒန်ဘုရင် ပြော**

သို့သော်လည်း အကူအညီလိုအပ်နေသူများအား ကူညီရန်အတွက် အခြားသောကမ်းလှမ်းမှုများကို ပြုလုပ်ခဲ့သည်။ ဂါဇာဒေသမှ အပြင်းအထန်ဖျားနာခြင်း သို့မဟုတ် ကင်ဆာရောဂါခံစားနေရသည့် ကလေးငယ် ၂၀၀၀ အား ဂျော်ဒန်နိုင်ငံသို့ အလျင်အမြန်ရွှေ့ပြောင်းပေးရန် ဂျော်ဒန်ဘုရင်က ပြောကြားသည်။

အီဂျစ်နိုင်ငံ၏ အစီအစဉ်ကို ကြားနာရန် စောင့်ဆိုင်းနေကြောင်းလည်း ၎င်းက ဆက်ပြောသည်။



ဒေါ်နယ်ထရမ့် အမေရိကန်သမ္မတအဖြစ် ဒုတိယအကြိမ် စတင်တာဝန်ထမ်းဆောင်သည့်အချိန်မှစတင်ကာ ဂျော်ဒန်ဘုရင်သည် ထရမ့်အား အိမ်ဖြူတော်၌ လာရောက်တွေ့ဆုံသည့် တတိယမြောက်နိုင်ငံခေါင်းဆောင်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



## မစ်ရှင်သစ်အတွက် နိုင်ငံတကာအာကာသစခန်းသို့ SpaceX အာကာသယာဉ်လွှတ်တင်ရန် နာဆာစီစဉ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၂**

အမေရိကန်အာကာသအေဂျင်စီ နာဆာက ၎င်းတို့၏ လာမည့်မစ်ရှင်အတွက် SpaceX အာကာသယာဉ်ကို နိုင်ငံတကာအာကာသစခန်းသို့ မူလစီစဉ်ထားသည်ထက်စော၍ မတ် ၁၂ ရက်တွင် လွှတ်တင်ရန် စီစဉ်နေကြောင်း သိရသည်။

အဆိုပါ အာကာသအေဂျင်စီသည် Crew-10 မစ်ရှင်အတွက် အာကာသယာဉ်လွှတ်တင်မည့်ရက်ကို ဖေဖော်ဝါရီ ၁၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ ကနဦးတွင် အာကာသယာဉ်ကို မတ်လနှောင်းပိုင်း သို့မဟုတ် ယင်းနောက်တွင် လွှတ်တင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

ဂျပန်အာကာသယာဉ်မှူး အိုနိရှိတာကူယာသည် အမေရိကန်နှင့် ရုရှားအပါအဝင် အခြားအဖွဲ့ဝင်သုံးဦးနှင့်အတူ အာကာသစခန်းသို့ သွားရောက်မည်ဖြစ်ကြောင်း၊ ၎င်းသည် နိုင်ငံတကာအာကာသစခန်းတွင် ခြောက်လခန့်နေထိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

SpaceX အာကာသယာဉ်သည် Crew-10 အဖွဲ့ဝင်များအား ပတ်လမ်းအတွင်းရှိ အာကာသစခန်းကို ပို့ဆောင်ပြီးနောက် ယမန်နှစ်ဇွန်လကတည်းက အာကာသစခန်းတွင် နေထိုင်ခဲ့သည့် နာဆာအာကာသယာဉ်မှူးနှစ်ဦးကို ကမ္ဘာမြေသို့ ပြန်လည်ခေါ်ဆောင်လာမည်ဖြစ်သည်။

အဆိုပါ အာကာသယာဉ်မှူးနှစ်ဦးမှာ ဘိုးရင်းစတားလိုင်နာ အာကာသယာဉ်ဖြင့် နိုင်ငံတကာအာကာသစခန်းသို့ရောက်ရှိခဲ့သော်လည်း အာကာသယာဉ်မှာ နည်းပညာချွတ်ယွင်းမှု ဖြစ်ပေါ်ခဲ့သဖြင့် ကမ္ဘာမြေသို့ ပြန်လာရန် နှောင့်နှေးကြန့်ကြာမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

## ယီမင်ဟူသီများဖမ်းဆီးထားသည့် ဒဗလျူအက်ဖ်ပီဝန်ထမ်းသေဆုံးမှု ကုလအကြီးအကဲရှုတ်ချ

**ဂျီနီဗာ ဖေဖော်ဝါရီ ၁၂**

ယီမင်ရှိ ဟူသီများဖမ်းဆီးထားသည့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ) မှ ဝန်ထမ်းတစ်ဦး သေဆုံးသွားခြင်းအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရပ်စ်က ဖေဖော်ဝါရီ ၁၁ ရက်တွင် ရှုတ်ချခဲ့သည်။

အဆိုပါ ဝမ်းနည်းဖွယ်ရာဖြစ်ရပ်အတွက် ပွင့်လင်းမြင်သာပြီး စေ့စပ်သေချာသည့် စုံစမ်းစစ်ဆေးမှု ချက်ချင်းပြုလုပ်ရန် ၎င်းကတောင်းဆိုခဲ့သည်။ အဆိုပါဝန်ထမ်းမှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၃ ရက်ကတည်းက ဟူသီများ၏ဖမ်းဆီးခြင်းခံရပြီး ဖေဖော်ဝါရီ ၁၀ ရက်တွင် သေဆုံးခဲ့သည့်အတွက် ပြင်းပြင်းထန်ထန်ရှုတ်ချကြောင်း ၎င်းကဆက်ပြောသည်။

ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းမှ အင်န်ဂျီအိုအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်သံတမန်တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ ဆက်လက်ဖမ်းဆီး ထိန်းသိမ်းခံနေရဆဲဖြစ်ပြီး အချို့မှာ နှစ်အတန်ကြာမြင့်နေပြီဖြစ်သည်။

ဟူသီတို့က ကုလဝန်ထမ်းရှစ်ဦးခန့်အား ဖမ်းဆီးခဲ့ပြီးနောက် ဆာဒါမြို့ရှိ ကုလလုပ်ငန်းတာဝန်များကို ယာယီဆိုင်းငံ့လိုက်ကြောင်း ကုလသမဂ္ဂက ဖေဖော်ဝါရီ ၁၀ ရက်တွင် ကြေညာခဲ့သည်။

**ဆင်ဟွာ**

## ဓားစာခံများ မလွှတ်ပေးပါက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်အဆုံးသတ်မည်ဟု အစ္စရေးပြောကြား

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၂**

အစ္စလာမ္မစ်အဖွဲ့ ဟားမားစ်အနေဖြင့် အစ္စရေးဓားစာခံများ မလွှတ်ပေးပါက ဂါဇာကမ်းမြောင်တွင် ၎င်းတို့အဖွဲ့နှင့် သဘောတူထားသည့် အပစ်အခတ်ရပ်စဲရေးအဆုံးသတ်သွားမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြောကြားလိုက်သည်။



ဟားမားစ်အဖွဲ့က ခြောက်ကြိမ်မြောက် ဓားစာခံလွှတ်ပေးမှုကို ရွှေ့ဆိုင်းမည်ဟု ဖေဖော်ဝါရီ ၁၀ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။ ထို့နောက် အစ္စရေးအစိုးရက ဖေဖော်ဝါရီ ၁၂ ရက်တွင် အစိုးရအဖွဲ့အစည်းအဝေး ပြုလုပ်ကာ ကြေညာချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဟားမားစ်အဖွဲ့က ဖေဖော်ဝါရီ ၁၄ ရက်ထက် နောက်မကျဘဲ အစ္စရေးဓားစာခံများအား ပြန်မလွှတ်ပေးပါက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အဆုံးသတ်ပြီး အစ္စရေးတပ်မတော်က ပြင်းထန်သည့်တိုက်ပွဲများ ပြန်လည်ဖော်ဆောင် သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် နေတန်ယာဟုက အဆိုပါထုတ်ပြန်ချက်တွင် ပြောကြားထားသည်။

အစ္စရေးက ဇန်နဝါရီ ၁၉ ရက်တွင် စတင်အသက်ဝင်ခဲ့သော ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်သည်ဟု ဟားမားစ်အဖွဲ့က ပြောသည်။ ယင်းက ဓားစာခံများ လွှတ်ပေးရန် နှောင့်နှေးကြန့်ကြာရခြင်း၏ အကြောင်းရင်းဖြစ်ကြောင်း သိရသည်။

သတ်မှတ် စီစဉ်ထားသည့်အတိုင်း ဓားစာခံများအား ပြန်မလွှတ်ပေးပါက အကြီးအကျယ်ဒုက္ခ ရောက်စေမည်ဟုဆိုကာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဟားမားစ်အဖွဲ့အပေါ် ဖိအားပေးလျက်ရှိသည်။ ခြိမ်းခြောက်မှုများက ဓားစာခံများ လွှတ်ပေးရေးကို ဦးတည်နိုင်ဖွယ်မရှိကြောင်း အာရပ်သတင်းဌာနတစ်ခုသို့ ဟားမားစ်ပြောရေးဆိုခွင့်ရှိသူက ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန်၏ အကူအညီဖြတ်တောက်မှု အာဖဂန်နစ္စတန်ပြည်နယ်နှစ်ခုရှိ ကျန်းမာရေးစင်တာ ၄၁ ခု ပိတ်သိမ်း

**ကဘူးလ် ဖေဖော်ဝါရီ ၁၂**

အမေရိကန်၏ အကူအညီဖြတ်တောက်မှုကြောင့် အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ဂါဇနီပြည်နယ်နှင့် အလယ်ပိုင်း ဘာမီယန်ပြည်နယ်တို့ရှိ ကျန်းမာရေးစင်တာ ၄၁ ခုကိုပိတ်သိမ်းလိုက်ရကြောင်း ပြည်တွင်းမီဒီယာတစ်ခုက ဖေဖော်ဝါရီ ၁၂ ရက်က ဖော်ပြခဲ့သည်။

ဂါဇနီပြည်နယ်ရှိ ဆေးခန်းငယ် ၁၅ခု၊ ထောက်ပံ့ရေးစင်တာသုံးခု၊နယ်လှည့်ကုသရေးအဖွဲ့ ၁၇ ခု၊ အရေးပေါ်တုံ့ပြန်ရေး စင်တာတစ်ခုနှင့် ဆေးဘက်ဆိုင်ရာ ဆေးခန်းနှစ်ခုအပါအဝင် ဆေးဘက်ဆိုင်ရာ စင်တာ ၃၉ ခုကို ပိတ်သိမ်းခဲ့ရသည်ဟု ဂါဇနီပြည်နယ် ယဉ်ကျေးမှုနှင့် သတင်းအချက်အလက်ဌာန ညွှန်ကြားရေးမှူး မူလာဟာမစ်ဒူလာနီဆာက ပြောသည်။

အမေရိကန်၏ကူညီပံ့ပိုးမှုများ ဆိုင်းငံ့ပြီးနောက် ဘာမီယန်ပြည်နယ်တွင်လည်း ထိခိုက်မှုများ ရှိလာခဲ့သည်။ အမေရိကန်၏အကူအညီ ဖြတ်တောက်မှုကြောင့် ကျန်းမာရေးစင်တာနှစ်ခု ပိတ်သိမ်းခဲ့ရသည်ဟု ပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ဆာဘောဆင်းဟာနီက ပြောသည်။

အမေရိကန်၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဆိုင်းငံ့လိုက်ပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံရှိ အကူအညီပေးရေးအဖွဲ့အစည်း ၅၀ တို့၏ လုပ်ငန်းများ ရပ်ဆိုင်းခဲ့ရသည်။ **ဆင်ဟွာ**

# မြန်မာ့ပိုးချည် အရည်အသွေးမြင့်မားဖို့ ပိုးစာပင်ကို စနစ်တကျ စိုက်ပျိုးစို့

**ကမ္ဘာပေါ်တွင် ပိုးထည်လုပ်ငန်းကို လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀ ကျော်ကတည်းက စတင်ခဲ့ပြီး မြန်မာနိုင်ငံ၌ အလောင်းမင်းတရားလက်ထက် ၁၇၅၅ ခုနှစ်မှ စတင်ခဲ့သည်ဟု သိရှိရပါသည်။ ပိုးထွက်ပစ္စည်းများသည် သဘာဝမှရသော ပစ္စည်းဖြစ်သဖြင့် လူတို့အတွက် ကျန်းမာရေးနှင့်ညီညွတ်သည့် အဝတ်အထည်သာမက ကျန်းမာရေးအတွက် ဆေးအဖြစ်လည်းကောင်း၊ ပိုးချည်ကို ခွဲစိတ်ခန်း၌ ပြန်လည်ချုပ်သည့်နေရာတွင်လည်းကောင်း၊ လူသုံးကုန်ပစ္စည်းအဖြစ် လည်းကောင်း၊ မွေးမြူရေးသုံးအစာများအဖြစ်ပါ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် အသုံးပြုလျက်ရှိပါသည်။**

အိအိအောင်

ပိုးချည်အရည်အသွေး ကောင်းမွန်စေရန်အတွက် ပိုးမွေးမြူရေးလုပ်ငန်းကို စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ရပါသည်။ ဤသို့လုပ်ကိုင်ဆောင်ရွက်ရာတွင် ပိုးကောင်လေးများအတွက် အစာကျွေးခြင်းလုပ်ငန်းသည်လည်း အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပြီး အစာကျွေးရာ၌ သန့်ရှင်းလတ်ဆတ်သော ပိုးစာရွက်များကိုသာ ကျွေးရခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ အသုံးပြု၍ ကျွေးသောပိုးစာရွက်များကို စနစ်တကျ စိုက်ပျိုးရန်အတွက် အရေးကြီးပါသည်။ ပိုးစာပင်စိုက်ပျိုးရာတွင် အသီးစားပိုးစာနှင့် အရွက်စားပိုးစာ ဟူ၍ နှစ်မျိုးရှိပါသည်။ ပိုးစာပင်စိုက်ပျိုးခြင်း လုပ်ငန်းအဆင့်ဆင့်ကို အောက်ပါနည်းလမ်းများဖြင့် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ရပါမည် -

Mulberry Cultivation

| | | |
|---|---|---|
| Phylum | = | Phaenerogamme |
| Class | = | Dicotyledonae |
| Order | = | Rosales |
| Family | = | Moaraceae |
| Genus | = | Morus |
| Species | = | Morus alba |

ပိုးစာပင်၏ မူရင်းဒေသမှာ ဟိမဝန္တာတောင်ခြေဖြစ်သည်။ သမပိုင်းဒေသမှ အပူပိုင်းဒေသအထိ ကျယ်ပြန့်စွာ ပေါက်ရောက်ပြီး ပင်လယ်ရေမျက်နှာပြင် အထက်အမြင့်ပေ ၁၂၀၀၀ အထိ ရှင်သန်ပေါက်ရောက်နိုင်၍ တရုတ်၊ ကိုရီးယား၊ ဂျပန် အစရှိသည့် အရှေ့အာရှနိုင်ငံများမှ အရှေ့တောင်အာရှ၊ အရှေ့အလယ်ပိုင်းအာရှဒေသနှင့် ဥရောပတောင်ပိုင်းဒေသနိုင်ငံများအထိ ကျယ်ပြန့်စွာ ဖြစ်ထွန်းသည်။

ပိုးစာပင်မျိုးစိတ် ၆၈ မျိုးရှိပြီး မျိုးပေါင်း ၁၀၀ ကျော်ရှိ၍ မြန်မာနိုင်ငံတွင် အလေ့ကျပေါက်ရောက်သော အရိုင်းမျိုးများအပါအဝင် ပိုးစာပင်မျိုးပေါင်းများစွာရှိသည်။ ယခင်က မြန်မာရွက်ကြီးမျိုး၊ မြန်မာလက်ချားမျိုး၊ ပေါက်ခေါင်းမျိုးများကို ဒေသအနှံ့ စိုက်ပျိုးခဲ့ကြီးပြီး ယခုအခါတွင် အရွက်အထွက်နှုန်းကောင်းမွန်သည့် မြန်မာရွက်ကြီးမျိုး၊ BR-60 မျိုး၊ S-28 ဗီယက်နမ်မျိုးနှင့် တရုတ်မျိုးများကို ရွေးချယ်စိုက်ပျိုးလျက်ရှိပါသည်။

ပိုးစာပင်စိုက်ပျိုးရာတွင် ပိုးစာမျိုးများကို သေချာ ရွေးချယ်စိုက်ပျိုးရန် လိုအပ်ပါသည်။ ရွေးချယ်ရာတွင် ပိုးစာအရွက် အထွက်နှုန်းကောင်းခြင်း၊ ပိုးစာအရွက် အရည်အသွေးကောင်းမွန်ခြင်း၊



ပိုးစာပင်စိုက်ပျိုးထားရှိမှုကို တွေ့ရစဉ်။

ပိုးမွှားရောဂါဒဏ် ခံနိုင်ရည်ရှိခြင်း၊ ရာသီဥတု၊ ဒေသရေမြေနှင့် သဟဇာတဖြစ်ခြင်းနှင့် ပိုးမွေးမြူသည့် နည်းစနစ်နှင့် ကိုက်ညီမှုရှိခြင်းတို့ ပါဝင်ပါသည်။

ပိုးစာပင်သည် မြေအမျိုးအစားမရွေး စိုက်ပျိုးနိုင်သော်လည်း အစိုဓာတ်များပြီး ရေဝပ်သောမြေ၊ ရွှံ့စေးမြေနှင့် သဲဆန်သောမြေများတွင် မစိုက်ပျိုးသင့်ပါ။ ပိုးစာပင်သည် သဲနုန်းမြေကို အနှစ်သက်ဆုံးဖြစ်ပြီး စိုက်ပျိုးရန်သင့်တော်သော မြေဆီလွှာ အခြေအနေမှာ နုန်းမြေ (၂၀-၄၀ ရာခိုင်နှုန်း) ရှိခြင်း၊ မြေချဉ်ငန်ဓာတ် (၆ ဒသမ ၅-၇)၊ မြေသားပါဝင်မှု နှစ်ပေအထက်ရှိခြင်း၊ မြေအောက်ရေအနက်သုံးပေထက်လျော့နည်းခြင်း၊ အပင်စုပ်ယူနိုင်သည့် ဖော့စဖောရက်(စ်) ပါဝင်မှု (၁၀-၃၀)mg/ 100gm ရှိခြင်း၊ အပူချိန် (၂၀°C-30°C) ကြား၊ မိုးရေချိန် (၄၀-၁၀၀)လက်မကြား၊ တစ်နေ့တာအလင်းရောင် လိုအပ်မှု (၉-၁၃) နာရီနှင့် စိုထိုင်းဆ (၆၅-၈၀ ရာခိုင်နှုန်း) တို့ရှိရန် လိုအပ်ပါသည်။

ပိုးစာပင်စိုက်ပျိုးရာတွင် မျိုးပွားခြင်း နှစ်နည်းရှိသည်။ လိင်ရှိမျိုးပွားခြင်း(သို့) အစေ့မှ မျိုးပွားခြင်းနှင့် လိင်မဲ့မျိုးပွားခြင်း (သို့) မျိုးကိုင်းဖြတ်မျိုးပွားခြင်းတို့ဖြစ်ပါသည်။

လိင်ရှိမျိုးပွားခြင်းတွင် အစေ့မှ မျိုးပွားခြင်းဖြစ်ပြီး မျိုးသစ်ရရှိရန် မျိုးစပ်ခြင်း၊ အစေ့မှ မျိုးပွားခြင်းတွင် တစ်ကြိမ်တည်းတွင် အပင်အရေအတွက်များစွာရရှိခြင်း၊ အချိန်တိုအတွင်း မျိုးပွားနိုင်ခြင်း၊ အမြစ်ဖွံ့စည်းပုံကောင်းမွန်ပြီး အပင်သက်တမ်းကြာရှည်စွာ ရှင်သန်နိုင်သည်။ ယခုအခါတွင် Hybird မျိုးစေ့များနှင့် စီးပွားဖြစ် ပိုးစာပင်စိုက်ပျိုးခြင်းများ ဆောင်ရွက်လာကြသည်။

လိင်ရှိမျိုးပွားခြင်းတွင် အသီးမှည့်ကိုအစေ့ထုတ်အခြောက်လှန်းခြင်းဖြင့် တစ်လအတွင်း စိုက်ပျိုးပါက အပင်ပေါက်နှုန်းကောင်းမွန်ခြင်း၊ အပင်ပေါက်ညီညာခြင်း၊ အပင်အနိမ့်အမြင့် ညီညာခြင်း၊ ပန်းပွင့်ချိန်ညီညာခြင်းနှင့် ရင့်မှည့်ချိန်ညီညာခြင်းတို့ ရရှိပါသည်။

မျိုးစေ့ကို သိုလှောင်ရာတွင်လည်း လေလုံသောအပူချိန်(၅°C) ခန့်ရှိ အခန်းတွင်း သိုလှောင်လျှင် မျိုးစေ့သက်တမ်း(၅-၆၀) လအထိ ထားနိုင်သည်။ သိုလှောင်ချိန် ကြာမြင့်သွားလျှင် အပင်ပေါက်နှုန်း ကျဆင်းစေပါသည်။ မျိုးစေ့ကို အသီးမှည့်ချိန် (မတ်-ဧပြီ)လတွင် အစေ့ထုတ်ပျိုးထောင်လျှင် ဇွန်၊ ဇူလိုင်လများတွင် ချစိုက်နိုင်သည်။ မျိုးစေ့ချစိုက်ရာတွင် ပေါင်ဖော်၍ စိုက်ကြောင်းအတွင်း မျိုးစေ့ဖြူးပြီး အပေါ်ယံမှ ကောက်ရိုးဖုံး၍ စိုက်ပျိုးရပါသည်။

လိင်မဲ့မျိုးပွားခြင်းတွင် အပင်၏ အစိတ်အပိုင်းမှ ပွားယူပြီး မိဘမျိုးနှင့် တူညီသည့် မျိုးကို ရရှိသည်။ လိင်မဲ့မျိုးပွားခြင်းတွင် ကိုင်းဆက်မျိုးပွားခြင်းနှင့် မျိုးကိုင်းဆက် မျိုးပွားခြင်းဟူ၍ရှိပြီး မြန်မာနိုင်ငံတွင် မျိုးကိုင်းဖြတ်ခြင်းနည်းလမ်းကို အများဆုံး အသုံးပြုလေ့ရှိကြသည်။

လိင်မဲ့မျိုးပွားခြင်းတွင် မျိုးကိုင်းကို ပိုးစာပင်စိုက်ပျိုးရမည့်အချိန် မျိုးကိုင်းရရှိနိုင်သည့် ဒီဇင်ဘာလ ထိပ်ပိုင်းကိုင်းဖြတ်ခြင်းနှင့် ဇွန်၊ ဇူလိုင် ပင်ခြေကိုင်းဖြတ်ချိန်များတွင် ဆောင်ရွက်နိုင်သည်။

မျိုးကိုင်းဖြတ်စိုက်ပျိုးရာတွင် ပေါင်ဖြင့် ပျိုး၍ ပျိုးပင်ကိုစိုက်ခင်းသို့ ရွှေ့ပြောင်းစိုက်ပျိုးခြင်း၊ မျိုးကိုင်းကို စိုက်ခင်းသို့ တိုက်ရိုက်စိုက်နိုင်သည်။ မျိုးကိုင်းဖြတ်စိုက်ပျိုးရာတွင် အမြင့်သုံးပေ၊ လုံးပတ်တစ်ပေနှင့် ပျိုးသက်ခြောက်လမှ တစ်နှစ်သားရှိသည့် ပျိုးပင်များကိုစိုက်ခြင်းသည် အကောင်းဆုံးဖြစ်သည်။

ပျိုးပေါင်မှ ရွှေ့စိုက်နိုင်သောပျိုးပင်ကို စနစ်တကျ တူးယူပြီး အမြစ်မထိခိုက်စေခြင်း၊ အရွက်များ ဖယ်ရှားခြင်း၊ မြစ်ပွားများဖယ်ရှားခြင်း၊ ရေသောက်မြစ်(၈လက်မ-၁၂လက်မ) ခန့်ချန်ဖြတ်ကာ စိုက်ပျိုးနိုင်ပြီး မျိုးကိုင်းကို တိုက်ရိုက်စိုက်ပျိုးပါက ခဲတံချောင်းအရွယ် အဖူး (၃-၄)ဖူးပါသည့် မျိုးကိုင်းကို တစ်ကျင်းလျှင် နှစ်ကိုင်းနှုန်းဖြင့် (၃-၂)ပုံခန့် မြေတွင် မြှုပ် စိုက်ပျိုးနိုင်သည်။

ပိုးစာပင်သည် နှစ်ရှည်ပင်ဖြစ်ပြီး အပင်ကြီးမျိုး၊ အမြစ်ဘေးသို့ပြန့်ပြီး မြေအတွင်းသို့ နက်ရှိုင်းသော အမျိုးအစားဖြစ်သည်။ ပိုးစာပင်ကို နေရောင်ခြည်နှင့် လေဝင်လေထွက် ကောင်းသည့်နေရာ၊ ရေရရှိမှု လွယ်ကူသောနေရာ၊ ပိုးမွေးရုံနှင့် နီးသည့်နေရာနှင့် လျှောစောက် ပေ ၂၀ အောက် ကုန်းစောင်းများနေရာတွင် ရွေးချယ်စိုက်ပျိုးရပါမည်။

ပိုးစာပင်ကို ပုံစံသုံးမျိုးဖြင့် စိုက်ပျိုးနိုင်ပါသည်။ ပိုးစာပင်ကို တစ်မျိုးတည်း အဓိကစိုက်ပျိုးခြင်း၊ ပိုးစာပင်တန်းကြား အခြားသီးနှံစိုက်ပျိုးခြင်းနှင့် ကန်သင်း၊ ခြံစည်းရိုးများ အတန်းလိုက်စိုက်ပျိုးခြင်းတို့ဖြစ်ပါသည်။

ပိုးစာပင်ကို စိုက်နည်းစနစ်လေးမျိုးဖြင့် စိုက်ပျိုးကြသည်။ ၎င်းတို့မှာ အပင်ကြီးစိုက်ပျိုးခြင်း၊ အပင်လတ်စိုက်ပျိုးခြင်း၊ အပင်နိမ့်စိုက်ပျိုးခြင်းနှင့် ချုံပုတ်သဏ္ဌာန် စိုက်ပျိုးခြင်းတို့တွင် မြန်မာနိုင်ငံ၌ ချုံပုတ်သဏ္ဌာန် စိုက်ပျိုးနည်းစနစ်ကို အများဆုံး အသုံးပြုစိုက်ပျိုးလျက် ရှိသည်။

မြန်မာနိုင်ငံတွင် ချုံပုတ်သဏ္ဌာန်ဖြင့် အများဆုံး စိုက်ပျိုးပြီး တန်းကြားပင်ကြား (၅ပေx၂ပေ)၊ (၆ပေx၂ပေ) (၃ပေx၁ပေ) နည်းဖြင့် စိုက်ပျိုးလေ့ရှိကြပါသည်။ တစ်ဧကအတွင်း ပိုးစာရွက်အထွက်နှုန်းကောင်းစေရန် စိုက်မြောင်းများကို တန်းကြားx ပင်ကြား (၃ပေx၈လက်မ) ထား၍လည်း စိုက်ပျိုးကြသည်။ ပိုးစာစိုက်ခင်းများတွင် ပိုးစာစိုက်တန်းများကို (အရှေ့အနောက်၊ တောင်မြောက်) သတ်မှတ်မှုထက် စိုက်ပျိုးမြေအခြေအနေ၊ စိုက်ကွက်အနေအထားလိုက်၍ ထားရှိနိုင်ပါသည်။ လျှောစောက်ရှိသော မြေများတွင် မြေဆီလွှာနှင့် မြေဩဇာဆုံးရှုံးမှုကာကွယ်နိုင်ရန် ကွန်တိုမျဉ်းအလိုက် စိုက်ပျိုးပေးရပါမည်။

ပိုးစာပင်စိုက်ပျိုးရာတွင် နွေရာသီ၌ တောရှင်း၊ ငုတ်တူး၊ ကျွန်းခွေ၊ မီးရှို့ခြင်း လုပ်ငန်းများကို အပြီးဆောင်ရွက်ထားရမည်။ စိုက်ပျိုးမြေကို ထယ်ရေးနက်နက်၊ ထွန်ရေးညက်ညက် ပြုပြင်၍ စိုက်စနစ်အလိုက်(၂ပေx၂ပေ) ပတ်လည်စိုက် မြောင်းတူး၍ စိုက်နိုင်သည်။ တစ် ဧကလျှင် နွားချေး ၁၀ တန်ခန့်၊ စိုက်ကျင်းများတွင် နွားချေးတစ်ပြည်၊ ထုံးနို့ဆီဘူးနှစ်ဘူး ပိုးစာပင်အတွက် သီးသန့်ကွန်ပေါင်းနှစ်အိတ်နှုန်း မြေခံထည့်ပေးနိုင်သည်။

ပိုးစာစိုက်ခင်းများတွင် ကြားထွန်ဝင်ခြင်း၊ ပေါင်းနှိမ်နင်းခြင်းကို တစ်နှစ်ပတ်လုံး လေးကြိမ်အထက် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ပိုးစာတန်းကြားအတွင်း ကောက်ရိုးခြောက်၊ ပြောင်းရိုးအစရှိသည်တို့ကို ဖုံးအုပ်ပေးခြင်းဖြင့် မြေတွင်း (organic) ဒြပ်ပေါင်း ပါဝင်တိုးပွားစေခြင်း၊ ပေါင်းမြက် ပေါက်ရောက်မှုလျော့နည်းစေခြင်း အကျိုးကျေးဇူးများကို ရရှိစေပါသည်။

ပိုးစာပင်များတွင် မြေဩဇာကို မိုးဦးကာလ (မေ၊ဇွန်)တွင် ပမာဏ ၃၀ ရာခိုင်နှုန်းခန့် မိုးလယ် ဇူလိုင်၊ ဩဂုတ်)လတွင် ပမာဏ ၄၀ ရာခိုင်နှုန်းခန့်၊ မိုးနှောင်းကာလ ၃၀ ရာခိုင်နှုန်းခန့် ထည့်သွင်းပေးရပါမည်။ မြေဩဇာကျွေးရာတွင် ပိုးမမွေးခင် တစ်လခန့် ကြိုကျွေးရပါမည်။ N,P,K တို့ကိုလည်း အချိုးကျကျ ထည့်သွင်းရပါမည်။

ပိုးစာပင်ပုံသွင်းရာတွင် ပိုးစာပင်၏ ပုံသဏ္ဌာန်နှင့် ပိုးစာကိုင်းအရေအတွက်တို့ကို စနစ်တကျ ထိန်းချုပ်ပုံသွင်းပေးခြင်းဖြင့် ပိုးစာအရွက်အထွက်နှုန်း တစ်နှစ်ပတ်လုံး ကောင်းမွန်စွာ ရရှိစေပါသည်။

*စာမျက်နှာ ၁၇ သို့*

> **❝ ပိုးစာပင်ကို တောင်ပေါ်၊ မြေပြန့်နေရာဒေသမရွေး စိုက်ပျိုးနိုင်ခြင်း၊ ဆေးဖက်ဝင်အဖြစ် အသုံးပြုနိုင်ခြင်း၊ ပိုးစာရွက်ကို ဟင်းချိုဟင်းအဖြစ် ချက်ပြုတ်စားသုံးနိုင်ခြင်း၊ ပိုးစာသီးကို ဝိုင်အဖြစ်သော်လည်းကောင်း၊ ပိုးစာသီးယိုအဖြစ်လည်းကောင်း အသုံးပြုနိုင်ခြင်းတို့ကြောင့် မိမိတို့၏ အိမ်အနီးပတ်ဝန်းကျင်တွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးသင့်ပါကြောင်းနှင့် စီးပွားဖြစ် ပိုးမွေးမြူရေးလုပ်ငန်းများတွင်လည်း ပိုမိုကောင်းမွန်သော အာဟာရပြည့်ဝသည့် ပိုးစာရွက်များရရှိနိုင်ရေး စိုက်ပျိုးထုတ်လုပ်သင့် ❞**

# ပြည်ထောင်စုနေ့ဂုဏ်ပြုသောအားဖြင့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း၏ တတိယအကြိမ် Chairman's Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) ၏ တတိယအကြိမ် Chairman's Cup ဂေါက်သီးရိုက်ပြိုင်ပွဲကို မင်္ဂလာဒုံမြို့နယ်ရှိ Dagon City Golf Resort ၌ ယနေ့ ကျင်းပသည်။




အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း၏ ပြည်ထောင်စုနေ့ဂုဏ်ပြု ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြည်တွင်းလေကြောင်းလုပ်ငန်းကဏ္ဍမှ ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ တာဝန်ရှိသူများ၊ ပြည်တွင်းနှင့် နိုင်ငံတကာလေကြောင်းလိုင်းများ၊ Airport Operator များနှင့် အခြားဆက်စပ်လျက်ရှိသည့် ကုမ္ပဏီ၊ အသင်းအဖွဲ့များမှ ဂေါက်သီးရိုက်အားကစားသမား ၁၂၀ ကျော် ပါဝင်ယှဉ်ပြိုင်သည်။ ပြိုင်ပွဲတွင် Stroke Play Format ဖြင့် Scratch Play နှင့် Handicap Play အတန်းနှစ်တန်းခွဲ၍ ကျင်းပခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို Dagon City Golf Resort ရင်ပြင်၌ ဆက်လက်ကျင်းပရာ မြန်မာ့လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (DCAM) နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တက်ရောက်ချီးမြှင့်သည်။ ဆုပေးပွဲတွင် Scratch Play နှင့် Handi-cap Play အတန်းများတွင် အနိုင်ရရှိသည့် ထိပ်ဆုံးအသင်း သုံးသင်းစီနှင့် Longest Drive ဆု၊ Nearest Pin ဆု၊ Nearest Line ဆု၊ Most Bridie ဆုနှင့် Most Par ဆု ရရှိသူများအား အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း တာဝန်ရှိသူများက ဆုချီးမြှင့်ပြီး ဂုဏ်ပြုညစာစားပွဲကို ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ပြုလုပ်သည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းသည် ပြည်ထောင်စုနေ့ဂုဏ်ပြု Chairman's Cup ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၂၃ ခုနှစ်တွင် စတင်ကျင်းပပြီး ယခုနှစ်တွင် တတိယအကြိမ် ကျင်းပခြင်းဖြစ်ကာ လေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍ၏ နယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် Aviator များအား ဂုဏ်ပြုသည့်အပြင် အသင်းအဖွဲ့အလိုက် ပူးပေါင်းယှဉ်ပြိုင်မှုများမှတစ်ဆင့် ပြည်တွင်းလေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း နယ်ပယ်များအတွင်း စည်းလုံးညီညွတ်မှုကို အားကစားစိတ်ဓာတ်ဖြင့် မြှင့်တင်ရန်အတွက် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ကိုညီလေး**

**ဓာတ်ပုံ - သော်လေး**



# မော်လမြိုင်မြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ဟောပြောပွဲကျင်းပ

**မော်လမြိုင် ဖေဖော်ဝါရီ ၁၂**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအတွက် သိရှိလိုက်နာရမည့်အချက်များနှင့် ကျောင်းသားကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် အားလပ်ချိန်များတွင် စာအုပ်စာစောင်များ လေ့လာဖတ်ရှုရန်အချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက ပန်းချီ၊ စာစီစာကုံးပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကွမ်းခြံကုန်းမြို့နယ်၌ ပဒုမ္မာလမ်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**ကွမ်းခြံကုန်း ဖေဖော်ဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့၊ မြို့မရပ်ကွက်ရှိ ပဒုမ္မာလမ်း ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က အဆိုပါလမ်းသစ်မုခ်ဦးရှေ့တွင် ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေး၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးကျော်က ကွန်ကရစ်လမ်း အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညွှန့်နွယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်ဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးကျော်တို့က ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကွန်ကရစ်လမ်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်သည် လမ်းအရှည်ပေ ၁၃၆၀၊ အကျယ် ၁၆ ပေနှင့် ဒု ကိုးလက်မရှိကာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၄၈ ဒသမ ၁၉ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**



# ကျောင်းကုန်းမြို့နယ် ကျောက်ကြီးကုန်း လျှပ်စစ်မြစ်ရေတင် လုပ်ငန်းမှ နွေသီးနှံစိုက်ကေများကို စတင်ရေပေးဝေလျက်ရှိ

**ပုသိမ် ဖေဖော်ဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) လက်အောက်ရှိ ကျောက်ကြီးကုန်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ၁၅၈ ဧကကို စတင်ရေပေးဝေလျက်ရှိသည်။

အဆိုပါ ကျောက်ကြီးကုန်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မနောသုခမျိုးစပါးစိုက်ပျိုးရန်အတွက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်ကစတင်ပြီး ရေပေးဝေလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က နေရောင်ခြည်စွမ်းအင်သုံး ဆိုလာဓာတ်အားပေးစနစ်ကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးထားသည့်အတွက် ဒေသခံတောင်သူများ စိုက်ပျိုးရေးအတွက် များစွာအထောက်အကူဖြစ်စေကြောင်း ကျောက်ကြီးကုန်းလျှပ်စစ် (ပူးတွဲ-ဆိုလာ) မြစ်ရေတင်လုပ်ငန်းတာဝန်ခံက ပြောသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ညောင်တုန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်



**ညောင်တုန်း ဖေဖော်ဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းကို ဖေဖော်ဝါရီ ၁၀ ရက်က ခတ္တိယကျေးရွာတွင် ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ခတ္တိယကျေးရွာရှိ အသက် ၁၇ နှစ်နှင့်အထက် ကိုင်ဆောင်လက်မှတ်မရှိသူ ၂၅ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

ပုံသွင်းနည်းသုံးမျိုး ရှိပါသည်။ အပင်ကြီးပုံသွင်းခြင်း (မြေပြင်မှ သုံးပေအမြင့် ပိုးစာပင်ပင်စည်ဖြတ်ခြင်း)၊ အပင်လတ်ပုံသွင်းခြင်း (မြေပြင်မှ တစ်ပေခွဲ နှစ်ပေအမြင့် ပိုးစာပင်ပင်စည်ဖြတ်ခြင်း)နှင့် ချုံပုတ်ပုံသွင်းခြင်း (မြေပြင်မှ ကိုးလက်မအမြင့် ပိုးစာပင်ပင်စည်ဖြတ်ခြင်း) တို့ ဖြစ်ကြပါသည်။

ပိုးစာကိုင်းများကို (ဇွန်၊ ဇူလိုင်)လတွင် မြေပြင်မှ (၉-၁၂)လက်မအမြင့် ပင်ခြေကိုင်းဖြတ်ခြင်း၊ (ဒီဇင်ဘာလမှဇန်နဝါရီ)လတွင် ထိပ်ဖျားပိုင်းကိုင်းဖြတ်ခြင်း တစ်နှစ်လျှင် နှစ်ကြိမ် ကိုင်းဖြတ်ပုံသွင်းပေးရမည်။

အညွှန့်ခူးဖြတ်ခြင်း- ပိုးငယ်တတိယအဆင့်အတွက် ခူးခြင်းနှင့် နွေဦးပိုးမွေးရာသီတွင် အရွက်ခြောက်သွေ့မှု လျော့နည်းစေရန် အညွှန့်ဖြတ်ကျွေးခြင်းဖြစ်သည်။

ကိုင်းဖြတ်ခြင်း- ပိုးကြီးအဆင့်ကျွေးခြင်းအတွက် အသုံးပြုကြပြီး အချိန်တိုတွင်း လုပ်အားခများစွာ သက်သာစေသည်။

ပိုးစာပင်စိုက်ပျိုးရာတွင် ပိုးငယ်အဆင့်အတွက် သီးသန့်စိုက်ခင်းထားရှိရန် လိုအပ်ပြီး ဆောင်ရွက်ရာတွင် အရွက်အထွက်စော၍ ကြီးထွားမှုမြန်သည့် အရည်အသွေး ကောင်းမွန်သော ဥပမာ-BRIS-28 ဗီယက်နမ်မျိုးများ ရွေးချယ်စိုက်ပျိုးခြင်း၊ ရေသွင်းရေထုတ်လွယ်ကူသည့်နေရာ၊ လေဝင်လေထွက်ကောင်းမွန်ပြီး အရွက်အထွက်နှုန်း အများဆုံးရရှိနိုင်သည့် တန်းကြားပင်ကြား (၃ပေx၁၀လက်မ) ထား၍ စိုက်ပျိုးခြင်းနှင့် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာတို့ကို လိုသလို ထည့်ပေးခြင်းတို့ကို စနစ်တကျ ရွေးချယ်စိုက်ပျိုးရပါသည်။ ပိုးစာပင်စိုက်ပျိုးရာတွင် မြန်မာနိုင်ငံ၌ အများဆုံးကျရောက်သော ရောဂါမှာ ဖားဥမှိုစွဲရောဂါ၊ အမြစ်ပုပ်ရောဂါ၊ သံချေးရောဂါ၊ ရွက်ခြောက်ရောဂါနှင့် ပိုးမွှားရောဂါများတွင် ပင်စည်ဖောက်ပိုးတို့ကျရောက်နိုင်ပြီး ပိုးစာပင်သည် တစ်ဧကလျှင် အထွက်ပေါင် (၅၀၀၀-၁၀၀၀၀)အထိ ထွက်နိုင်သည်။

ပိုးစာပင်ကို တောင်ပေါ်၊ မြေပြန့်နေရာဒေသမရွေးစိုက်ပျိုးနိုင်ခြင်း၊ ဆေးဖက်ဝင်အဖြစ် အသုံးပြုနိုင်ခြင်း၊ ပိုးစာရွက်ကိုဟင်းချိုဟင်းအဖြစ် ချက်ပြုတ်စားသုံးနိုင်ခြင်း၊ ပိုးစာသီးကို ဝိုင်အဖြစ်သော်လည်းကောင်း၊ ပိုးစာသီးယိုအဖြစ်လည်းကောင်း အသုံးပြုနိုင်ခြင်းတို့ကြောင့် မိမိတို့၏ အိမ်အနီးပတ်ဝန်းကျင်တွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးသင့်ပါကြောင်းနှင့် စီးပွားဖြစ် ပိုးမွေးမြူရေးလုပ်ငန်းများတွင်လည်း ပိုမိုကောင်းမွန်သော အာဟာရပြည့်ဝသည့် ပိုးစာရွက်များရရှိနိုင်ရေး စိုက်ပျိုးထုတ်လုပ်သင့်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

## လင်းခေးမြို့နယ် ပုန်းထွန်ကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

**လင်းခေး ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ပြည်ထောင်စုငွေလုံးငွေရင်း (မူလ)ခွင့်ပြုရန်ပုံငွေအသုံးပြု၍ ဆောင်ရွက်သည့် ပုန်းထွန်ကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က အဆိုပါလမ်း၌ ကျင်းပသည်။



ဦးစွာ ကတ္တရာလမ်းသစ်ဖွင့်ပွဲမှခ်ဦးကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်ထွန်းလတ်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကိုဦး၊ ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်ဆွေဆွေနွယ်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းထက်နှင့် ခေတ်သစ်ကြယ်တံခွန်ကုမ္ပဏီမှ စိုင်းကျိန်ဝမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် ယာယီမဏ္ဍပ်၌ လင်းခေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး လင်းခေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)က ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ အဆိုပါ ပုန်းထွန်ကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ် အရှည် ဖ ဒသမ ၁၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၅ လက်မဖြစ်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း (မူလ)ခွင့်ပြုရန်ပုံငွေကျပ် ၃၀၄ ဒသမ ၅၀၈ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**



လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၏ (၂၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် နှမ်းထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် သီရိမင်္ဂလာ မဟာသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပစဉ်။

ဇင်မင်းထိုက် (ပြန်/ဆက်)

## မိတ္ထီလာပညာရေးဒီဂရီကောလိပ်၏ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၂**

(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မိတ္ထီလာပညာရေးဒီဂရီကောလိပ်၏ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က ခရိုင်အားကစားကွင်း၌ ကျင်းပသည်။




ဦးစွာ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကျန်စစ်သားအသင်းနှင့် ဘုရင့်နောင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျန်စစ်သားအသင်းအား ဘုရင့်နောင်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ပြိုင်ပွဲဝင် အသင်းများအား ဂုဏ်ပြုဆုများကို ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့် အဖွဲ့ဝင်များ၊ ဆရာအတတ်ပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဇော်မြင့်လေး၊ ညွှန်ကြားရေးမှူး ဦးစိုးမိုးအောင်၊ မိတ္ထီလာပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်စုလတ်ထွေး၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ချမ်းသာ(မိတ္ထီလာ)**



တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ထမနဲထိုးပြိုင်ပွဲကို ကော့သောင်းမြို့ အထက(ခွဲ)အလက(၂)၌ ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပစဉ်။

ခရိုင်(ပြန်/ဆက်)

## မြောင်းမြပြည်သူ့ဆေးရုံကြီး၌ အခမဲ့မျက်စိခွဲစိတ်ကုသပေးမှုများ ဆောင်ရွက်

**မြောင်းမြ ဖေဖော်ဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် အခမဲ့မျက်စိခွဲစိတ်ကုသပေးခြင်းကို ဖေဖော်ဝါရီ ၁၀ ရက်က ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်သည်။



မြောင်းမြမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ မျက်စိခွဲစိတ်ကုသပေးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ မျက်စိပြင်ပလူနာ ၁၁၂၅ ဦးအား စမ်းသပ်ကြည့်ရှုပြီး မျက်စိအတွင်းတိမ်လွှာလူနာ ၂၀၀ အား တစ်နေ့လျှင် ၄၀ ခွဲစိတ်ကုသပေးသွားမည်ဖြစ်သည်။

ထိုသို့ခွဲစိတ်ကုသပေးမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုကိုနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက လိုအပ်သည်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**



ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် အဖျင်းအုပ်စု အဖျင်းလယ်ဦးကျေးရွာ၌ ဖေဖော်ဝါရီ ၉ ရက်က ဇလွန်မြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးချစ်လွင်ထွေးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးဘေးအသိပညာပေး ဟောပြောစဉ်။

မြို့နယ်(ပြန်/ဆက်)

မကွေးမြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသူ ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့များ ပူးပေါင်း၍ ဖေဖော်ဝါရီ ၇ ရက်က မြသလွန်ဘုရားဝင်းအတွင်းရှိ သာသနိက အဆောက်အအုံများ၊ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းများတွင် တပ်ဆင်ထားရှိသော မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ ကောင်းမွန်မှု ရှိ မရှိ၊ လျှပ်စစ်မီးနှင့် အခြားမီးသုံးစွဲမှုများ စနစ်တကျရှိစေရေး စစ်ဆေးစဉ်။

သီဟစည်သူ



မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအရှေ့ရပ်ကွက်၌ ဖေဖော်ဝါရီ ၁၀ရက်တွင် မြေပြင်လူဦးရေစာရင်းစစ်ဆေးခြင်း၊ အိမ်ထောင်စုအမှတ်စဉ်သတ်မှတ်ခြင်း၊ မိသားစုအမှတ်စဉ်သတ်မှတ်ခြင်းများကွင်းဆင်းဆောင်ရွက်ရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးလွင်၊ ခရိုင်ဦးစီးမှူး ဦးဇင်ထက်၊ မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်၊ ရွှေကောက်ပွဲကော်မရှင် မြို့နယ်ဦးစီးမှူး ဦးရဲမင်းလွင်တို့ ကြည့်ရှုစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)





ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် သပြုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သပြု၌ ဖေဖော်ဝါရီ ၁၀ ရက်တွင် မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးဝင်းလှိုင်နှင့် တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး အသုံးပြုပုံနှင့် ဆီမီးလောင်မှုကို လက်တွေ့ငြိမ်းသတ် သရုပ်ပြလေ့ကျင့်စဉ်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

# ကန့်ဘလူမြို့နယ် ကိုးမြို့ကျေးရွာနှင့် သိုးဘိုးကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီး ဒရုန်းများဖြင့် ဗုံးကြဲခဲ့ကြောင်း မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် ဖေဖော်ဝါရီ ၁၂
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကိုးမြို့ကျေးရွာနှင့် သိုးဘိုးကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီး ဒရုန်းများဖြင့် ဗုံးကြဲခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်တို့ကို အသက်ပေး ကာကွယ်စောင့်ရှောက်ရေးအတွက် လုံခြုံရေးလုပ်ငန်းများကို ဥပဒေနှင့်အညီဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို မငဲ့ကွက်ဘဲ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာ၊ ရပ်ကွက်များအား ခေါင်းစဉ်အမျိုးမျိုးတပ်၍ မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ပြည်ဖျက် မီဒီယာများသည် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကိုဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ယခုကဲ့သို့ မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**
အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "မိုးညိုသူလေး" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ရှစ်ကွက်ကျေးရွာနေ မိုးသီတာအား မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "Myo Gyi" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက်နေ မျိုးယုမော်(ခ) သားသားအား ညနေ ၄ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Aung Myo Thu20138" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (၈)ရပ်ကွက်နေ အောင်မျိုးသူအား ညနေ ၅ နာရီတွင်လည်းကောင်း၊ "Kh Ant" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်နေ ဆက်နိုင်ထွန်း(ခ)ယုန်လေးအား ည ၆ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပေါင်မြို့နယ်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ရုံးသစ်ဖွင့်ပွဲ ကျင်းပ



**ပေါင် ဖေဖော်ဝါရီ ၁၂**
မွန်ပြည်နယ် ပေါင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ရုံးသစ်ဖွင့်ပွဲကို ယနေ့နံနက်က အဆိုပါရုံး၌ ပြုလုပ်သည်။

ဖွင့်ပွဲကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာတင်ဌေး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးသန့်ဇင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဆိုင်းဘုတ်အား အမွှေးနံ့သာများဖြင့် ပက်ဖျန်းကာ အဆောက်အအုံကို လှည့်လည်ကြည့်ရှုခဲ့သည်။ (ဓါတ်ပုံ) အဆိုပါ မွေးမြူရေးနှင့်ကုသရေးအဆောက်အအုံသစ်ကို ဘုန်းထက်ကြယ်စင်ကုမ္ပဏီက အလျားပေ ၄၀၊ အနံပေ ၃၀ ဖြင့် ၆၅ ဒသမ ၅ သန်း အကုန်ကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မွန်မလေး (ပြန်/ဆက်)**




မွန်ပြည်နယ် မော်လမြိုင်မြို့ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက MPT ရုံးရှိ ဝန်ထမ်းများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ အသိပညာ၊ ဗဟုသုတများ တိုးပွားစေရန် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပြီး လက်တွေ့သရုပ်ပြခြင်းများကို ဖေဖော်ဝါရီ ၁၁ ရက်က MPT ရုံး၌ ဆောင်ရွက်စဉ်။ ခင်စန်းမြင့်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးစည်သူအောင်နှင့် တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၁၁ ရက်က အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့၌ ကွင်းဆင်းစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)




ပဲခူးမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိဦးမြင့်သူ ဦးဆောင်သော တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၀ ရက်က ပဲခူးမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးစဉ်။ နေမျိုးအောင်

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ထမနဲထိုးပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က အထက(၂)လမ်းမတော် မြတ်ပညာခန်းမ၌ ကျင်းပစဉ်။ ကျော်ဆန်းမြင့်





မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မင်္ဂလာရန်ကင်းပြည်သူ့အငှားအိမ်ရာ၌ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဌာနတို့ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးကို ဖေဖော်ဝါရီ ၉ ရက်က မင်္ဂလာရန်ကင်းပြည်သူ့အငှားအိမ်ရာတွင်နေထိုင်သူများအား မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပြီး မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသစဉ်။ မောင်ကျော်ကြီး



မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၁၁ ရက်တွင် (အထက) ချောင်းဆုံ၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးဇော်ဦးနှင့်ဝန်ထမ်းများက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

# အမြို့မြို့အနယ်နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားများ ကျင်းပ



## တီးတိန်

ချင်းပြည်နယ် တီးတိန်မြို့၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား တက်ရောက်သူများက အလေးပြုကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာအား တီးတိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက ဖတ်ကြားခဲ့သည်။

**မိုးမိုး**



## ရန်ကုန်

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ်(၁)မူလတန်းကြိုကျောင်း၌ ကျင်းပရာ တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြသည်။ ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာအား ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလင်းအောင်က ဖတ်ကြားခဲ့သည်။

ထို့နောက် အမှတ်(၁)မူလတန်းကြိုကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



## ရမည်းသင်း

ရမည်းသင်းမြို့နယ်၌ (၇၈) နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် နိုင်ငံတော် အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် ရမည်းသင်းခရိုင် ရုံးရှေ့ကွင်း၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့်သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က ဖတ်ကြားခဲ့သည်။

**၂၁၄**

## ကျိုက်ထို

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ယနေ့နံနက်က ကျင်းပရာ နိုင်ငံတော်အလံအား ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင် / မြို့နယ် ဌာနဆိုင်ရာများ အလေးပြုခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာအား ကျိုက်ထိုခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကံစောလှိုင်က ဖတ်ကြားခဲ့သည်။

**ကျိုက်ထို(ပြန်/ဆက်)**



## ရွှေဘို

ရွှေဘိုမြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့နိုင်ငံတော်အလံ အလေးပြုခြင်းအခမ်းအနားကို ယနေ့ နံနက် ၆ နာရီက စုပေါင်းရုံး



အတွင်းရှိ တန်းစီကွင်း၌ ကျင်းပရာ နိုင်ငံတော်အလံအား တက်ရောက်လာကြသူများက ဦးညွှတ်အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာအား ရွှေဘိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းတင်ထွေးက ဖတ်ကြားပြီး ပြည်ထောင်စုနေ့အထိမ်းအမှတ်စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ကြည့်မြင်တိုင်

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့ နံနက်က ကြည့်မြင်တိုင်မြို့နယ် အမှတ်(၃)အခြေခံပညာအထက် တန်းကျောင်း စပယ်ဖြူခန်းမ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးညီညီက ဖတ်ကြားခဲ့သည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



## ရပ်စောက်

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်တွင် ၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့နံနက် ၇ နာရီက ရသဝတီခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်က ဖတ်ကြားပြီး အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေကြသည်။

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော အားကစားသမားများနှင့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ မြို့နယ်ပြည်သူလူထု အကျိုးကိုရှေးရှု၍ လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် သဘာဝဘေးအန္တရာယ်ကိစ္စရပ်များတွင် စွမ်းစွမ်းတမံဆောင်ရွက်ပေးခဲ့ကြသည့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့နှင့် မဈ္ဈိမလူမှုကူညီရေးအသင်းတို့အားလည်းကောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မက်မန်း

ရှမ်းပြည်နယ် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့တွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို မက်မန်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပသည်။ ဂုဏ်ပြုတပ်ဖွဲ့မှ နိုင်ငံတော်အလံလွှင့်တင်ပြီး တက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုခဲ့ကြသည်။ ဆက်လက်၍ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သောင်းက ဖတ်ကြားသည်။

ယင်းနောက် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အထက်တန်းအဆင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲ၊ အလယ်



တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**တီတီ(မက်မန်း)**

# မြို့နယ်အသီးသီး၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားများကျင်းပ



## သာစည်

မန္တလေးတိုင်းဒေသကြီး သာစည်မြို့၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲကို ယနေ့ နံနက်ပိုင်းကပြုလုပ်သည်။

ဦးစွာ အလံတင်အခမ်းအနားကို နံနက် ၅ နာရီခွဲက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ နိုင်ငံတော်အလံကို လွှင့်တင် အလေးပြုကြကာ နံနက် ၇ နာရီတွင် သဝဏ်လွှာဖတ်ပွဲကို မြို့နယ် ခန်းမ၌ပြုလုပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိ သုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော(၇၈)နှစ်မြောက် ပြည်ထောင်စု နေ့အထိမ်းအမှတ်သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က ဖတ်ကြားသည်။ **မြို့နယ် (ပြန်/ဆက်)**



## ညောင်တုန်း

ညောင်တုန်းမြို့နယ်တွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်း အနားကို ယနေ့နံနက်ပိုင်းက မြို့တော်ခန်းမရှေ့၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌဦးမျိုးကျော်က ဖတ်ကြားသည်။ **မြို့နယ် (ပြန်/ဆက်)**

## ရန်ကုန်

၂၀၂၅ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သည့် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၇ နာရီက ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ အထက (၁) စွမ်းအားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာအား မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးကောင်းဇော်လင်းက ဖတ်ကြားသည်။ ထို့နောက် အထက(၂) ကျောင်းသား ကျောင်းသူ များက သာစွမြန်မာပြည်သီချင်းဖြင့်လည်းကောင်း၊ အထက (၁) ကျောင်းသား ကျောင်းသူများက ဒုံးယိမ်းညသီချင်းဖြင့်လည်းကောင်း၊ အလက(၁) ကျောင်းသား ကျောင်းသူများက ထာဝရမြန်မာသီချင်း ဖြင့်လည်းကောင်း ဖျော်ဖြေသီဆိုခဲ့ကြပြီး (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲ မြို့နယ် အဆင့် ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။ **ကျော်ဆန်းမြင့်**



## မှော်ဘီ

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ယနေ့ နံနက် ၇ နာရီက မှော်ဟောဝန်ပန်းခြံလွတ်လပ်ရေးကျောက်တိုင်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်အလံအား ဂုဏ်ပြုရဲတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုခဲ့ပြီး မှော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည့်ဖြိုးမောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားခဲ့သည်။

**ကောင်းမြတ်သူ (မှော်ဘီ)**



## သထုံ

မွန်ပြည်နယ် သထုံမြို့နယ်၏ ၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာ ဖတ်ကြားခြင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီက သထုံခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးဝင်းအတွင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့၏ ဦးဆောင်မှုဖြင့် ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန် ရှိသူများက နိုင်ငံတော်အလံအား အလေးပြုခဲ့ကြပြီး ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့ သော (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သဝဏ်လွှာကို သထုံခရိုင်စီမံအုပ်ချုပ် ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲနိုင်က ဖတ်ကြားခဲ့ သည်။

**ခရိုင်(ပြန်/ဆက်)**



# ဒေးဒရဲမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်

**ဒေးဒရဲ ဖေဖော်ဝါရီ ၁၂**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဧရာဝတီတိုင်းဒေသ ကြီး ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄- ၂၀၂၅ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီး ခဲ့သည့် သဲကုန်းကလေးကျေးရွာအုပ်စု မှော်အိုင်ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်လမ်းပေါ်၌ ကျင်းပသည်။

ထို့နောက် ကျေးရွာအတွင်း ကွန်ကရစ်လမ်းအား ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးထက်အောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူးမွန်မြတ် သူစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

အဆိုပါကျေးရွာချင်းဆက်လမ်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ သန်း စုစုပေါင်းလုပ်ငန်းတန်ဖိုး



ငွေကျပ် ၁၈ သန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ယူ ဆောင်ရွက်ခဲ့သည့် အရှည် ၇၂၅ ပေ၊ အကျယ် ၁၀ ပေ၊ ထု ၆ လက်မရှိ ကျေးရွာအတွင်း ကွန်ကရစ်လမ်းအား ခင်းကျင်းပြီးစီးခဲ့ကြောင်း သိရသည်။ ၂၁၆

**မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ(နည်းဥပဒေ ၂၉၁)**

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေ များတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

- (က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
- (ခ) လမ်းဆုံလမ်းခွ၊
- (ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
- (ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊
- (င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
- (စ) လမ်းကျဉ်းအတွင်း၊
- (ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
- (ဇ) လမ်းအလယ်တွင် မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
- (ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
- (ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
- (ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
- (ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊
- (ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ် များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၌ မူကြိုကလေးများ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ဒဂုံမြို့သစ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ မူကြိုကလေးများ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကို ယနေ့ နံနက် ၁၁ နာရီက ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အမေ့ရင်ခွင်မူလတန်းကြိုကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုဆွေနှင့် အဖွဲ့ဝင်များ၊ ဒဂုံမြို့သစ်ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမော်နှင့်အဖွဲ့ဝင်များ၊ ဒဂုံမြို့သစ်ခရိုင်အတွင်းရှိ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မူကြိုကလေးငယ်များ၏ ကာယ၊ ဉာဏယှဉ်ပြိုင်မှုများဖြစ်သော အာလူးကောက်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ဆေးရောင်ခြယ်ကစားနည်းပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်မှုကိုကြည့်ရှုအားပေးပြီး ယှဉ်ပြိုင်ကြသည့် ကလေးငယ်များအား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးမော်နှင့် အဖွဲ့ဝင်များက ကလေးများအား ကြက်ဥ၊ ငှက်ပျောသီးနှင့် ကြာဆံကြော်အာဟာရများ ကျွေးမွေးသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုဆွေက လူမှုဝန်ထမ်းဦးစီးဌာနမှ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

**ဒဂုံတောင်(ပြန်/ဆက်)**



## သုံးခွမြို့၌ မာဃလမ်းကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ

**သုံးခွ ဖေဖော်ဝါရီ ၁၂**

(၇၈) နှစ်မြောက် ပြည်ထောင်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သော အမှတ် ၁ ရပ်ကွက် မာဃလမ်း(ဆေးရုံအပိုင်း) ကွန်ကရစ်လမ်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက အဆိုပါလမ်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးမိုးက အမှာစကားပြောကြားသည်။ ထို့နောက် နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး ပြည့်ဖြိုးကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် အဖွဲ့ဝင်များက ကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ **(အပေါ်ပုံ)**

အဆိုပါလမ်းအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် သုံးခွမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကွန်ကရစ်လမ်းအရှည် ၃၄၈ ပေ၊ အကျယ် ၁၄ ပေနှင့် အမြင့် ကိုးလက်မထုဖြင့် ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**

## တောင်ငူမြို့၌ လူငယ်စကားဝိုင်းကျင်းပ

**တောင်ငူ ဖေဖော်ဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ Sweet Family ကိုယ်ပိုင်အထက်တန်းကျောင်း၌ ယမန်နေ့က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Sweet Family ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကျင်းပသည်။ **(ယာပုံ)**

ထိုသို့ကျင်းပရာတွင် Sweet Family ကိုယ်ပိုင်အထက်တန်းကျောင်း တည်ထောင်သူ ဆရာကြီး ဦးသန့်ဇင်က အမှာစကားပြောကြားပြီး တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။




ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး မမြတ်နိုးခင်(Grade-9)က လူငယ်နှင့် စနစ်သစ်ပညာရေး၊ မမြတ်နိုးအိမ်(Grade-9) က လူငယ်နှင့် မူးယစ်ဆေး ၊ မအိသက်မွန်(Grade-9) က လူငယ်နှင့်အတွေး၊ မရွှေခြူးငယ် (Grade-9)က လူငယ်နှင့် IQ၊ မထက်နဒီအောင်(Grade-9)က လူငယ်နှင့် ရည်မှန်းချက်၊ နော်ကယ်ရီဖီးလ်နာ (Grade- 10) က လူငယ်နှင့် သိချင်စိတ် ၊ မောင်ဝေယံလျှံဘုန်း (Grade -10) က လူငယ်နှင့် လိုအင်ဆန္ဒ၊ မခိုင်သဲဖြူ (Grade -11) က လူငယ်နှင့်ရွေးချယ်မှု၊ မအိမ့်မြတ်မှူးသွင်(Grade - 11)က လူငယ်နှင့် လက်တွေ့ဘဝ စသည့်ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြသည်။

**ဇော်ကိုကို (တောင်ငူ)**

## ကျောက်တံတားမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ကျောက်တံတား ဖေဖော်ဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှလဝကမှူး ဒေါ်နွယ်ခိုင်ဇင်နှင့် ဝန်ထမ်းများသည် အမှတ်(၆)ရပ်ကွက်မေ္မာရုံ၌ ရပ်ကွက်တွင်းမှ ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သန်းလှိုင်နှင့် အမှတ်(၆) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆန်းဝင်းတို့က လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# အမြို့မြို့အနယ်နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားများ ကျင်းပ

## ပေါင်

မွန်ပြည်နယ် ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်း အတွင်း၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ အလံတင်အခမ်းအနားသို့ တက်ရောက်လာသူများနှင့် ဂုဏ်ပြုတပ်ဖွဲ့တို့က နေရာယူကြပြီး ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အလံကို လွှင့်တင်အလေးပြုခဲ့ကာ နံနက် ၇ နာရီတွင် ဝါရီရှုခန်းမ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်း အနားသို့ ပေးပို့သောသဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်က ဖတ်ကြားသည်။

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အတွက် ကျင်းပ ခဲ့သည့် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲ၊ ပေါင်မြို့နယ်မှ နိုင်ငံ့ဂုဏ် ဆောင်၊ ပြည်နယ်ဂုဏ်ဆောင်၊ မြို့နယ်ဂုဏ်ဆောင် အားကစားသမား များအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်း၊ မိမိတို့ ပင်မလုပ်ငန်းများ ထူးချွန်စွာထမ်းဆောင်ခဲ့သည် ဌာနဆိုင်ရာ ဝန်ထမ်းလေးဦး၊ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် ထူးချွန်စွာ တာဝန် ထမ်းဆောင်လျက်ရှိသည့် အုပ်ချုပ်ရေးမှူး ငါးဦးအား အုပ်ချုပ်မှုဆိုင်ရာ ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**



## ဝန်းသို

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနား နှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ အလံစောင့်တပ်ဖွဲ့မှ ဦးဆောင်၍ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်ကြီးများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစည်သူကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အလေးပြုကြသည်။ ဆက်လက်၍ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို နံနက် ၇ နာရီ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် ၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူကျော်က ဖတ်ကြားပြီး (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်အဆင့် (ထက်၊ လယ်၊ မူ) စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများ အား ကောလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး သိန်းဇော်လင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူကျော် နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ကော့သောင်း

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အလေးပြုပွဲ နှင့် သဝဏ်လွှာဖတ်ကြားပွဲအခမ်းအနားကို ကော့သောင်းမြို့ရှိလွတ်လပ် ရေးကျောက်တိုင်ကွင်း၌ ယနေ့ နံနက် ၇ နာရီက ကျင်းပသည်။

ဦးစွာ အခမ်းအနားတက်ရောက်လာကြသူများက သတ်မှတ် ထားသောနေရာများတွင် နေရာယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့များ ဦးဆောင် ၍ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား စုပေါင်း အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိ သုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာအား ကော့သောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က ဖတ်ကြားသည်။

**ခရိုင်(ပြန်/ဆက်)**



## ညောင်ဦး

(၇၈) နှစ်မြောက်ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကို ယနေ့ နံနက် ၅ နာရီခွဲက ညောင်ဦးမြို့ အခြေခံပညာအထက် တန်းကျောင်း ပြည်ထောင်စုကျောက်တိုင်ရှေ့၌ ကျင်းပရာနိုင်ငံတော် အလံအား အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိ သုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့်သဝဏ်လွှာအား ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုက ဖတ်ကြားသည်။

ယင်းနောက် ဆုရကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဒီပါလင်း**





## ရေဦး

ရေဦးခရိုင် ရေဦးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်သစ်၌ ယနေ့နံနက် ၇ နာရီက (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရာ တက်ရောက်လာသူများက နိုင်ငံတော်အလံအား အလေးပြုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သော သဝဏ်လွှာအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းသူရက ဖတ်ကြားပြီး ပြည်ထောင်စုနေ့အထိမ်းအမှတ် ဌာနပေါင်းစုံ လွန်ဆွဲပြိုင်ပွဲနှင့် ကျောင်းပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖူဆယ်ဘောလုံးအားကစား ပြိုင်ပွဲ၊ နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုရရှိသူများ ကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သန်းသန်း (ရေဦး)**

## ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပုလဲရတနာလမ်းရှိ မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးစန်းလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီး နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာ ကို ဖတ်ကြားသည်။ **မြို့နယ်(ပြန်/ဆက်)**



## မြဝတီ

ကရင်ပြည်နယ် မြဝတီမြို့တွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်း အနားကို ယနေ့ နံနက် ၇ နာရီက အမှတ်(၄)ရပ်ကွက် လွတ်လပ်ရေး ကျောက်တိုင်ကွင်း မြစန္ဒီပန်းခြံ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဂုဏ်ပြုတပ်ဖွဲ့က ဦးဆောင်၍ ကွင်းအတွင်းနေရာယူကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံကို အလေးပြုခြင်းအခမ်းအနား စတင်ကျင်းပခဲ့ပြီး ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို မြဝတီ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းစံလင်းက ဖတ်ကြား သည်။ **ဇာဖြူဝင်း(မြဝတီ)**



## တောင်ငူ

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အလံတင် အခမ်းအနားကို နံနက် ၇ နာရီတွင် ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ခေတ္တဥက္ကဋ္ဌ ဦးညီညီလွင်စိုးက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။ **ခရိုင်(ပြန်/ဆက်)**



# ဂျပန်နိုင်ငံတက္ကသိုလ်မှ ပါမောက္ခနှစ်ဦးက ရန်ကုန်မြို့၌ စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ MJC Academic Seminar (Series -1) ဟောပြောမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ဂျပန်နိုင်ငံ တက္ကသိုလ်မှ ပါမောက္ခနှစ်ဦးက ရန်ကုန်တွင် MJC Academic Seminar (Series –1) ကို ဖေဖော်ဝါရီ ၂၇ ရက်တွင် Park Royal Hotel ၌ စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း Myanmar Japan Center က အသိပေးထားသည်။

ဦးစွာ Agriculture & Rural Development ခေါင်းစဉ်အောက်၌ ဂျပန်နိုင်ငံမှ ဆရာကြီး Dr. Akio Takahashi (ဒေါက်တာအောင်ကိုဆွေ) (Professor Emeritus of the University of Tokyo, Research Fellow of the Oriental Library)က Myanmar Villages from the viewpoint of a Japanese Villager ခေါင်းစဉ်ဖြင့် ဂျပန်ကျေးလက်နေ ရွာသားတစ်ယောက်ရှုထောင့်မှ ဂျပန်နိုင်ငံ၏ ကျေးလက်ဒေသနှင့် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသကို နှိုင်းယှဉ်ပြီး မြန်မာ့ကျေးရွာများသည် မည်သို့သော လူ့အဖွဲ့အစည်းဖြစ်သည်ကို လက်တွေ့ကွင်းဆင်းလေ့လာခဲ့မှုများဖြင့် သီအိုရီပေါင်းစပ်ကာ ဟောပြောပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် Speaker– Dr.Ikuko Okamoto (Ph.D, Professor, Faculty of Global and Regional Studies, Dean, Graduate School of Global and Regional Studies, Toyo University) ကလည်း Conditions & Challenges of Rural Households in Myanmar: Findings from Snapshot Surveys ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ ကျေးလက်ဒေသများမှ အိမ်ထောင်စုများ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကွင်းဆင်းလေ့လာတွေ့ရှိချက်များနှင့် ပေါင်းစပ်ကာ တင်ပြမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ စိုက်ပျိုးရေးကဏ္ဍတွင် အရင်းအနှီးလိုအပ်မှု၊ စရိတ်ကြီးမြင့်လာမှုနှင့် သီးနှံအထွက်နှုန်းလျော့ကျခြင်းတို့ကို ရင်ဆိုင်နေရမှုများကြောင့် အိမ်ထောင်စုများသည် စီးပွားရေးအကျပ်အတည်းများကို ရင်ဆိုင်နေကြရသည့်အတွက် ထိုတွေ့ရှိချက်များမှ ကျေးလက်ဒေသလူနေမှုဘဝအတွက် အရေးကြီးသော အထောက်အပံ့ လိုအပ်ချက်များကို အလေးထားဆောင်ရွက်ရန် ဟောပြောတင်ပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Seminar မှ လက်တွေ့အသုံးဝင်သည့် ဗဟုသုတများစွာရရှိစေမည်ဖြစ်၍ စိုက်ပျိုးရေး၊ ကျေးလက်ဖွံ့ဖြိုးရေးကို လက်ရှိလုပ်ကိုင်နေကြသူများနှင့် စိတ်ပါဝင်စားသူအားလုံး (https://forms.gle/ VkALcSSCZXSLKnYQ8 ) Linkတွင် ကြိုတင်စာရင်းပေးတက်ရောက်ကြရန် ဖိတ်ခေါ်ထားသည်။

**မေသက်**




# CMP လုပ်ငန်းများအနက် အမျိုးသမီးဖိနပ်မျိုးစုံ၊ Travel Bag၊ အားကစားဖိနပ်နှင့်အားကစားဝတ်စုံများချုပ်သည့်စက်ရုံများ အော်ဒါရရှိမှု ကောင်းမွန်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

CMP လုပ်ငန်းများတွင် အမျိုးသမီး ဖိနပ်မျိုးစုံ၊ Travel Bag ၊ အားကစားဖိနပ်နှင့် အားကစားဝတ်စုံများချုပ်သည့် စက်ရုံများ အော်ဒါရရှိမှု ကောင်းမွန်နေကြောင်း လုပ်ငန်းရှင်အသိုင်းအဝိုင်းမှ သိရသည်။

"လက်ရှိ အခြေအနေမှာ တွက်ခြေအကိုက်ဆုံးက ဖိနပ်ချုပ်တဲ့သူတွေ ကိုက်တယ်။ Lady shoes အမျိုးသမီးဖိနပ်မျိုးစုံထုတ်တဲ့ စက်ရုံတွေကတော့ နှစ်ကုန်တဲ့အထိ အော်ဒါကောင်းနေတယ်လို့ သိရတယ်။ နောက်ပြီး ခရီးသွားရာသီလည်း ဖြစ်တော့ Travel Bag ချုပ်တဲ့အဖွဲ့တွေကလည်း အော်ဒါကောင်းတယ်။ အားကစားဖိနပ်ချုပ်တဲ့ စက်ရုံတွေကလည်း အော်ဒါအလွန်ကောင်းတယ်။ Sportswear ချုပ်တာတွေ များလာတယ်" ဟု လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

လတ်တလောတွင် အထည်ချုပ်လုပ်ငန်းများအနေဖြင့် ယခင်ရရှိထားသည့် အော်ဒါများကို သကြ်န်မတိုင်မီ တင်ပို့နိုင်ရန် ဆောင်ရွက်နေကြပြီး သကြ်န်ကာလအပြီး အော်ဒါရရှိမှုအပိုင်း၌လည်း လတ်တလောအနေအထားအရ ထူးထူးခြားခြား အပြောင်းအလဲမရှိပါက အော်ဒါရရှိမှု ဆက်လက်ကောင်းမွန်နေနိုင်ကြောင်း သုံးသပ်ပြောကြားသည်။

"လတ်တလောက သင်္ကြန် အထိကတော့ ပြည်ပကအော်ဒါ ရရှိမှု ကောင်းမွန်နေတယ်။ မတ်လလောက်မှာတော့ သင်္ကြန် အကြိုအတွက်ကို အော်ဒါတွေ ရနိုင်မယ်ထင်တယ်။ တရုတ်နှစ်သစ်ကူးကာလလည်း ရှိနေခဲ့တော့ အထည်လုပ်ငန်းတော်တော်များများက တရုတ်ပြည်က လုပ်ကြတာ၊ တရုတ်ပြည်၊ ဟောင်ကောင်၊ တရုတ်(တိုင်ပေ)၊ ဥရောပစတဲ့ တစ်ကမ္ဘာလုံးမှာရှိတဲ့ တရုတ်တွေက လုပ်ကြတာ၊ သူတို့က နှစ်ကူးပြီးလို့ လုပ်ငန်းပြန်စဖို့ ပြင်ဆင်နေကြတာ၊ အဲဒီတော့ ဒီလကုန် မတ်လလောက်မှာတော့ နောက်နှစ် အော်ဒါတွေရဲ့အခြေအနေကို သိရမှာပေါ့"ဟု အထည်ချုပ်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

လုပ်သား အသစ်များကို အထည်ချုပ်စက်ရုံများအနေဖြင့် အခမဲ့သင်တန်းပေးကာ လုပ်ငန်းခွင်တွင် အလုပ်ခန့်ထားသည့်စနစ်များလည်းရှိနေ၍ အလုပ်အကိုင်အခွင့်အလမ်းရရှိမှု ပိုမိုကောင်းမွန်ပြီး စိတ်ဝင်တစား လာရောက်လုပ်ကိုင်သူများလည်း ရှိနေကြောင်း သိရသည်။

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) က ကြီးမှူး၍ အထည်ချုပ်စက်ရုံများနှင့် နယ်ဝေးမှအလုပ်အကိုင်ရှာဖွေနေသူများ၊ အထည်ချုပ်စက်ရုံများတွင်လုပ်ကိုင်ရန် စိတ်ဝင်စားသူတို့အကြား ချိတ်ဆက်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် ရည်ရွယ်ကာ အထည်ချုပ်လုပ်ခြင်းဆိုင်ရာ သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်တို့ကို လက်တွေ့သင်ကြားမှုဖြင့် အခြေခံမော်တာစက်ချုပ်သင်တန်းများ ဖွင့်လှစ်ပေးကြောင်း သိရသည်။

**မေသက်**



CMP အထည်ချုပ်စက်ရုံ။

> ❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# သာယာဝတီမြို့၌ မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် စုပေါင်းအားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**သာယာဝတီ ဖေဖော်ဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အဖြစ် ယမန်နေ့က မိုးလုံလေလုံ အားကစားခန်းမ၌ စုပေါင်းအားကစားပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပခဲ့သည်။

ဦးစွာ သာယာဝတီခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်းက အမှာစကားပြောကြားသည်။ ထို့နောက် ပြိုင်ပွဲတွင် အဖွဲ့လိုက်အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ကြရာ သားငယ်၊ သမီးငယ်လေးများအား သာယာဝတီခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်သန္တာနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မူလတန်းကြိုကျောင်းများမှ ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များက ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**သန့်ဇော်(ပြန်/ဆက်)**



### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်–

(က) မီးပိတ်၍ စက်သတ်ထားရမည်။

(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ဓနုဖြူမြို့နယ်၌ River View အပန်းဖြေနေရာ ဖွင့်ပွဲကျင်းပ



**ဓနုဖြူ ဖေဖော်ဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် River View အပန်းဖြေနေရာဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဧရာဝတီသင်္ဘောဆိပ်အနီး၌ ကျင်းပသည်။

အခမ်းအနားတွင် မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ ဓနုဖြူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖ ဦးအေးကြူတို့က River View အပန်းဖြေနေရာကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက River View အပန်းဖြေနေရာ ဖြစ်ပေါ်လာပုံနှင့် တည်ဆောက်မှုလုပ်ငန်းစဉ်ကို ရှင်းလင်းတင်ပြခဲ့သည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

# အင်းစိန်မြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဟောပြောပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စာစီစာကုံး၊ စိတ်ကြိုက်ပန်းချီ၊ ကဗျာ၊ ပုံပြင်နှင့် ဉာဏ်စမ်းပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ကျင်းပသည်။



အခမ်းအနားတွင် အင်းစိန်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက ပြိုင်ပွဲကျင်းပပြုလုပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး စာရေးဆရာ ဒေါက်တာဗိုလ်သံမဏိ (တောင်တွင်းကြီး) က (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့သည်။ ဆက်လက်၍ ပြိုင်ပွဲများကို ပြုလုပ်ရာ ပြိုင်ပွဲများသို့ ကျောင်းသား ကျောင်းသူ ၅၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိခဲ့ကြသည့် ကျောင်းသားကျောင်းသူများကို အင်းစိန်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး၊ အင်းစိန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# နမ့်စန် မြို့မစည်ပင်သာယာဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**နမ့်စန်(တ) ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ်တွင် မြို့မစည်ပင်သာယာဈေး မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးတို့အတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဌာနတို့ ပူးပေါင်း၍ မီးငြိမ်းသတ်ခြင်းနှင့် ရှာဖွေကယ်ဆယ်ရေး ဒုတိယအကြိမ် ဇာတ်တိုက် သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့ ညနေ ၃ နာရီက အမှတ် (၃) ရပ်ကွက်ရှိ အဆိုပါ မြို့မစည်ပင်သာယာဈေးကြီးရှေ့တွင် ပြုလုပ်သည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးအောင်နိုင်ဦးနှင့် ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များနှင့် ဈေးရောင်း/ဈေးဝယ်သူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သူရအောင်(နမ့်စန်)





ကလေးများနေ့ကို ကြိုဆိုသောအားဖြင့် အုတ်ဖိုမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်း၌ ဖေဖော်ဝါရီ ၁၁ ရက်က ကလေးများနေ့ အခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝေလင်းက အမှာစကား ပြောကြားပြီး မူလတန်းကြိုကျောင်းများနှင့် မိခင်ဝိုင်းများမှ သားငယ် သမီးငယ်များက အကအလှများဖြင့် ဖျော်ဖြေစဉ်။ အောင်သူ (အုတ်ဖို)

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် အောက်ရွာကြီးကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာ မြင့်ရတနာ ဆန်စက်၌ ဖေဖော်ဝါရီ ၉ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဝင်းမိုးကျော် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်စဉ်။

မြို့နယ်(ပြန်/ဆက်)



## ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်၊ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ (၅) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။




၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။



